
ထိမ်းမြားလက်ထပ်ခြင်း
Marshmallow

မြို့တော်ရဲ့ဆောင်းတွင်းပထမဆုံးနှင်းတွေဟာ ညဂုနာရီ၃၈မိနစ်မှာကျဆင်းလာပါတယ်။

ငွေဖြူရောင်နှင်းပွင့်လေးတွေဟာညလေနှင့်အတူလွင့်ပါလာပြီး မြေပြင်ပေါ်သို့ဆင်းသက်လာခဲ့ပါပြီ။ပျားပန်းခပ်မျှလှုပ်ရှားနေတဲ့မြို့တော်လည်းငွေဖြူရောင်နှင်းတွေနဲ့ဖုံးလွှမ်းလာခဲ့ပါပြီ၊မျက်စိနဲ့မြင်နိုင်လောက်တဲ့အထိလည်းအေးခဲလာပါပြီ။

ဟွာချန်းရှုပ်ရှင်ဆုပေးပွဲဟာတော့ ဒီမြို့တော်မှာပဲကျင်းပနေပါတယ်။အမျိုးသမီးသရုပ်ဆောင်တွေဟာ ဖော်ပြပြီးပါးလွှာတဲ့ပွဲတက်ဝတ်စုံတွေနဲ့ပွဲတက်လာကြပါတယ်။အနီရောင်ကော်ဇော်ကိုလည်းအပြင်ဘက်မှာ ခင်းကျင်းထားပါတယ်။အမျိုးသမီးသရုပ်ဆောင်တွေကော်ဇော်ပေါ်စတက်တာနဲ့ နှင်းပွင့်တွေကျဲချလိုက်သလိုကျဆင်းလာတာ သူတို့ကိုနှင်းရုပ်ထုလိုအေးခဲသွားစေတော့မယ့်အတိုင်းပါပဲ။

ဒါကိုမြင်တဲ့ပွဲစီစဉ်သူတွေလည်း အနီရောင်ကော်ဇော်ပေါ် တစ်ယောက်ပြီးတစ်ယောက်လျှောက်ခိုင်းတဲ့ အစီအစဉ်ကိုပယ်ဖျက်လိုက်ကြပြီးလက်မှတ်ထိုးဖို့နဲ့အင်တာဗျူးဖြေကြဖို့နှစ်ယောက်တစ်တွဲစီလျှောက်ရန်ပြောင်းလဲလိုက်ကြပါတယ်။

ဒီသတင်းကိုကြားတဲ့ ဆုယင်းကတော့ ပွဲစီစဉ်သူတွေနဲ့သူမအေဂျင်စီညှိနှိုင်းရအောင်လွှတ်လိုက်ပါတယ်။သူမက ကော်ဇော်နီပေါ်ကို အကောင်းဆုံးသရုပ်ဆောင် ကျန်းမှုဟန်နဲ့အတူလျှောက်ချင်ပါတယ်။

ရှန်းဝေအဝတ်လဲခန်းမှာပျော်ရွှင်နေတဲ့အချိန် သူမဒီအကြောင်းကိုသိ

လိုက်ရတာပါ။

သူမကအစိမ်းဖျော့ရောင်ပိတ်ကျဲဝတ်စုံကိုဝတ်ဆင်ထားပြီးဆိုဖာပေါ်မယ် ပျင်းရိပျင်းရောပုံစံနဲ့လှဲနေခဲ့ပါတယ်။သူမရဲ့ခါးဟာပျော့ပြောင်းသေးသွယ် လှတယ်။သူမရဲ့နှင်းကဲ့သို့ဖွေးတဲ့ခြေထောက်ရှည်တွေဟာရောင်ခြည်ကဲ့သို့ ကြည်လက်တဲ့ဝတ်စုံရဲ့အောက်မှာဖုံးကွယ်နေပါတယ်။

ရှန်းဝေ သူမအေဂျင်စီပြောတာတွေကြားတဲ့အခါမှာ သူမကမျက်ခုံး တောင်မပင့်ပဲဂိမ်းကိုဆက်ဆော့နေပါတော့တယ်။

ကျိုးရှင်းဟာ စိတ်ဆိုးစွာနဲ့ ရှန်းဝေလက်ထဲကဖုန်းကိုဆွဲယူကာ "နင်ဂိမ်းပဲ ဆော့နေတဲ့အချိန် နင့်ယောကျ်ားကတော့အခြားမိန်းမတစ်ယောက်နဲ့ ကော်ဖော်နီပေါ်လျှောက်တော့မယ် နင်တစ်ခုခုမလုပ်ပဲဒီအတိုင်းနေမလို့ လား"

ဂိမ်းဆက်ဆော့ဖို့ဖုန်းမရှိတော့ ရှန်းဝေဟာသူမရဲ့လက်ချောင်းတွေမြှောက် ကာ ကျိုးရှင်းလက်ထဲမှပြန်လုယူရန်ပြင်လိုက်ပါတယ်။ကျိုးရှင်း ခပ်ကြမ်း ကြမ်းတစ်ချက်ရိုက်ထုတ်လိုက်ကာ "ငါပြောတာနားထောင်ရဲ့လားဟဲ့"

"ငါကြားပါတယ်။နင်ပြောတာငါ့ယောကျ်ားအခြားအမျိုးသမီးနဲ့ကော် ဇော်နီပေါ်လျှောက်မယ့်အကြောင်းလေ"

ရှန်းဝေသူမလက်ကိုကာခါ သူမမျက်တောင်ခပ်ပြီးပြောလိုက်ပါတယ်။

"ဒါပေမယ့် ဒါငါ့ကိစ္စမှမဟုတ်တာ၊အင်တယနက်ကလူတိုင်းသိကြတဲ့ အတိုင်း ငါနဲ့ငါယောကျ်ားကပလက်စတစ်စုံတွဲပဲကို"

"ဟုတ်တယ် အတုအယောင်လေနင်တို့က၊ဒါပေမယ့်ဒီအခါသမယကိုနင် နားမလည်ဘူးလား" ကျိုးရှင်း ခုံဆွဲယူထိုင်ကာ ရှန်းဝေဟာနှလုံးသားချင်း စကားပြောဖို့ပြင်လိုက်ပါတယ်။

"ဒီနေ့ နင်နဲ့နင့်ယောကျ်ားပွဲတစ်ခုထဲအတူတူတက်ကြတယ်။အပြင်လူတွေအတွက်တော့နင်တို့အတူတူပဲ။အေးလာတဲ့အတွက်ကြောင့် ပွဲစီစဉ်သူတွေက ကော်ဇော်နီပေါ်လျှောက်ခိုင်းတာအမြန်ပြီးချင်ကြတယ်၊နှစ်ယောက်တစ်တွဲသွားခိုင်းတာလည်းအဲ့တာကြောက့်ပယောက်တစ်တွဲသွားခိုင်းတာလည်းအဲ့တာကြောင့်ပဲ။ဒီသတင်းကြားတဲ့သူတိုင်းကလည်းအခွင့်အရေးလို့ပဲထင်ကြတယ်။နင်ကနင့်ယောကျ်ားနဲ့အတူလျှောက်သင့်တာလေ၊အခုတော့ဆုယင်းကနင့်ယေကျ်ားနဲ့အတူသွားတော့မယ်။ချီးလိုပဲ၊ဒါသာတိုက်ရိုက်ထုတ်လွှင့်တာဆို နင့်မုန်းတဲ့ပရိတ်သတ်တွေ လှိုင်လုံးကြီးတွေလိုကိုလိမ့်လာကြမှာ"

"ဒါတွေတင်မကဘူး ဆုယင်းကနင့်ကြော်ငြာတွေ၊နင့်ရှိုးတွေလည်းသူခုတလောဖြတ်ခုတ်ပစ်တာလေ။နင့်ယောကျ်ားလုတာပါခံဦးမလို့လား?"

ရှန်းဝေ သူမရဲ့မျက်လုံးဝိုင်းဝိုင်းတွေဖြင့် ကျိုးရှင်းကိုစိုက်ကြည့်ကာ

"အစ်မရှင်း ကျွန်မခံနိုင်ပါတယ်လို့ပြောရင်..."

ကလစ်...

ရှန်းဝေစကားဆုံးတာနဲ့ ကျိုးရှင်းသူမရဲ့လက်ဆစ်တွေတတောက်တောက်ချိုးရင်း သူမရဲ့ကျားတစ်ကောင်လိုပြင်းထန်းတဲ့မျက်လုံးအကြည့်နဲ့စိုက်ကြည့်ကာ

"နင်ပြောရဲရင်ထပ်ပြောကြည့်ပါဦး"

ရှန်းဝေရဲ့ခန္ဓာကိုယ်တုန်သွားကာ၊ သူမ

တစ်နေရာရာကိုကြည့်ရင်း၊သူမမျက်နှာမော့ကာအပြစ်ကင်းကင်းပြောလိုက်တာက

"ကျွန်မ ခံနိုင်ပါတယ်လို့..."

ကျိုးရှင်း "....."

နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြတယ်။အဲ့အချိန်မှာပဲ လက်ထောက်ရှောင်းထျန်တစ်ယောက် တံခါးကိုတွန်းဖွင့်ရင်းဝင်လာကာ သူမမျက်နှာပြည့်ပြည့်ကလေးကစိတ်လှုပ်ရှားမှုအပြည့်နဲ့

"အစ်မဝေဝေ၊အစ်မရှင်း ကျွန်မသတင်းတစ်ခုရလာတယ်။ဆရာကျန်းကသူနဲ့ကော်ဇော်နီနီမှာအတူလျှောက်ဖို့ နောက်၂ယောက်ထပ်ခေါ်လိုက်တယ်တဲ့။အခု သူနဲ့ဆုယင်းနှစ်ယောက်ပဲမဟုတ်တော့ဘူး"

"နှစ်ယောက်ထပ်ခေါ်တယ်??"ကျိုးရှင်း လက်ထောက်ရှောင်းထျန်ကိုထပ်မေးလိုက်တယ်။

"အဲ့နှစ်ယောက်ကဘယ်သူတွေလဲ?"

ရှောင်းထျန် ပရိတ်သတ်အင်အားတောင့်တဲ့ နာမည်ကြီး၂ယောက်နာမည်ထပ်ပြောလိုက်တယ်။ကျိုးရှင်း မျက်နှာအပျော်တွေနဲ့ပြည့်သွားရင်း

"ဒါဆို ဆုယင်းရဲ့အကြံကျဆုံးသွားတာပေါ့?

နာမည်ကြီး၃ယောက်ကသူနဲ့အတူလျှောက်တယ် ပြီးတော့သူလည်း ဆရာကျန်းနဲ့နှစ်ယောက်ပဲမဟုတ်တော့ဘူး!"

"ဟုတ်တယ်၊ဟုတ်တယ်"

ရှောင်းထျန် သူမခေါင်းကိုအားအပြည့်ညိတ်ပြကာ

"ဒါနဲ့ဆို အစ်မဝေဝေရဲ့အဓိကခန်းမဆောင်နာမည်အတွက်ဆယ်ပြီးသားဖြစ်တာပေါ့"

ကျိုးရှင်း ရှောင်းထျန်ရဲ့ခေါင်းကို ချီးကျူးထောက်ခံတဲ့အနေနဲ့ထုလိုက်တယ်။ပြီးတော့သူမ ရှန်းဝေကို စိတ်ဆိုးဆိုးကြည့်ပြီး

"နင့်ကိုလည်းကြည့်ဦး၊ နင့်ယောက်ျားလောက်တောင်မကောင်းဘူး။ သူ

ကမှနင့်မျက်နှာဆယ်ဖို့သိသေးတယ်၊အခုကြည့် သူ ဆုယင်းနဲ့ အနှစ်ယောက်အတူမလျှောက်ရအောင် ကြံသွားတာများ"

"ငါ့ကိုကောင်းတယ်!" ရှန်းဝေအားပါးတရရယ်လိုက်ရင်း သူမရဲ့ဆံပင်ရှည်အားလက်ညှိုးနဲ့လိမ်ကစားကာ

"သူကဒီအတိုင်းအေးစက်စက်ကြီးပါ။သူ့ဘာသာအခြားအမျိုးသမီးနဲ့မလျှောက်ချင်တာ ဟုတ်ပြီလား? အစ်မရှင်း သူတကယ်ကြီးကျွန်မပေါ်ကောင်းပေးတယ်ထင်နေတာလား? သူ့မှာအဲ့လိုအတွေးတောင်ရှိမှာမဟုတ်ဘူး"

ကျိုးရှင်း စွန်းအသွားကာ သူမ ရှန်းဝေကိုပြန်ငြင်းဖို့စကားလည်းမစဉ်းစားနိုင်ခဲ့ဘူး။

ဆရာကျန်းက တကယ်လည်း အေးစက်စက်နဲ့ ဘာမှစိတ်ဝင်စားတယ်မရှိဘူး။ ဆယ်နှစ်ကြာပွဲဦးထွက်အပြီးမှာတော့ သူ့မယ်မကောင်းသတင်းရယ်ထွက်လာတာမရှိဖူးဘူး။နမ်းတဲ့အခန်းလည်းမရိုက်ဖူးသလို variety showမှာလည်းပါတယ်မရှိဖူးဘူး။အများအမြင်မြင်နေရတာတွေကလွဲလို့ သူ့ရဲ့အတွင်းအကြောင်းလည်း ဘယ်သူမှသိသူမရှိဘူး။

ဒီလိုဆိုရင်တောင်မှ သူဟာ အားအကောင်းဆုံးနဲ့ လူကြိုက်အများဆုံးနာမည်ကြီးသရုပ်ဆောင်ဖြစ်နေတုံးပဲ။သူအကြောင်းတစ်ခုခုကြောင့် လက်ထပ်လိုက်ရတယ်ဆိုရင်တောင်မှ အခုထိမစွနေရာမဖြစ်တောင် သူ့အိပ်ရာပေါ်ရောက်ရင် ဖြစ်တယ်ဆိုတဲ့အမျိုးသမီးအုပ်စုကရှိနေတုန်းပဲ။ဆုယင်းကတော့ အဲ့လိုလူတွေထဲကတစ်ယောက်ပေ့ါ။

ဒါပေမဲ့ ရှန်းဝေကတော့ ဒီလိုလူကိုတောင် ဂရုစိုက်ဖို့စိတ်ကူးမရှိဘူးတဲ့။ သူမက အဲ့ဒီ့အမျိုးသမီးအုပ်စုကိုလည်း အရေးမစိုက်ဘူး။သူကအတော်ကိုထူးဆန်းတဲ့သူ။ဒီေနရာမှာတော့ ဆရာကျန်းနဲ့ရှန်းဝေကလိုက်ဖက်နေရော

ပဲ။

"အစ်မဝေဝေ၊အစ်မရှင်း အခု ကျန်းမူဟန်နဲ့ဆုယင်းတို့တွေလျှောက်ဖို့ အလှည့်ပဲ။"

ရှောင်းထျန် ဖုန်းထဲကတိုက်ရိုက်ထုတ်လွှင့်တာကိုကြည့်ရင်း သတိပေးလိုက်တယ်။

ကျိုးရှင်းက "ငါလည်းကြည့်ရအောင် ဒီလာခဲ့"

ရှောင်းထျန် ရှန်းဝေနဲ့ ကျိုးရှင်း နှစ်ယောက်လုံးကြည့်ရအောင် ဖုန်းကို အလယ်ထားလိုက်တယ်။

ရှန်းဝေ".....''

သူမ မကြည့်ချင်ဖူး ဟုတ်ပြီလား?

ကံမကောင်းစွာနဲ့ ဖုန်းကသူမရှေ့ရောက်နေတာကြောင့် သူမကြည့်မိသွားတယ်။အဲ့မှာ လူလေးယောက်ရှိတာအသေအချာကြီး၊လှပတဲ့ဝတ်စုံကိုဝတ်ထားတဲ့အမျိုးအသီးလည်းပါတာပေါ့။ဒါပေမယ့် ကြည့်မိတာနဲ့တင် သူမမျက်လုံးက ဆွဲဆောင်မှုအရှိဆုံးလူကိုပဲ အကြည့်ရောက်သွားတော့တယ်။

အနက်ရောင်ပြောင်အနောက်တိုင်းဝတ်စုံကို ကျပ်ကျပ်ရပ်ရပ်ဝတ်ဆင်ထားတဲ့ အရပ်ရှည်ရှည်နဲ့ ထိုလူက မီးရောင်အောက်မှာထင်းနေတယ်။လက်မှတ်ထိုးပြီးတာနဲ့ လေးယောက်စုရပ်ကာ မီဒီယာနဲ့ဓာတ်ပုံရိုက်ကြတယ်။ကျန်သုံးယောက်ကအအေးကြောင့်ထိခိုက်နေပေမယ့် သူကတော့ဘာမှမဖြစ်တဲ့အတိုင်းပဲရပ်နေတယ်။သူ့လှုပ်ရှားမှုတစ်စုစီတိုင်းကလည်း ပန်းချီကားချပ်တစ်ခုကထွက်လာတဲ့တော်ဝင်မင်းသားအတိုင်စပဲ ကျက်သရေအပေါင်းနဲ့ပြည့်စုံနေတယ်။

ရုတ်တရက်ပဲ သူ့မျက်လုံးတွေက တိုက်ရိုက်ထုတ်လွှင့်နေတဲ့ ကင်မရာကို

ကြည့်လိုက်တယ်။အဲ့ဒီ့ရေကန်ကဲ့သို့နက်ရှိုင်းလှတဲ့အကြည့်က ဖုန်းမျက်နှာပြင်ကိုဖောက်ပြီးကြည့်လိုက်သလို ရှန်းဝေနှလုံးကရုတ်တရက်အခုန်မြန်လာတော့တယ်။

"ဝါး ကျန်းနတ်ဘုရား ကင်မရာကိုကြည့်လိုက်တယ်။သူကအရမ်းချောတာပဲ။ အစ်မဝေဝေနဲ့ တကယ်ကိုလိုက်ဖက်တဲ့အတွဲပဲ"

ရှောင်းထျန် ဖန်ရှူးလေးတစ်ယောက်လိုအော်လိုက်တယ်။

ကျိုးရှင်းလည်းရေအေးတွေပြန်လောင်းပေးလိုက်တယ်။"အဲ့တာဘာလုပ်လို့ရလို့လဲ၊၊သူတို့ကအတုအယောင်အတွဲကြီးလေ"

ရှန်းဝေ သူမနှလုံးခုံသံကိုထိန်းချုပ်ကာ

"အတုအယောင်လည်းကောင်းတာပဲ။မဟုတ်ရင်သူ့အမေဖန်နဲ့ ချစ်သူဖန်တွေက ငါ့ကိုအသေဖွဲ့ပစ်လိမ့်မယ်"

အခုတောင် ဆုယင်းကို တိုက်ရိုက်ထုတ်လွှင့်မှုမျက်နှာပြင်ပေါ်မှာ ဆဲထားတာနဲ့ပြည့်နေတယ်။ဒါတောင်ရှန်းဝေကိုဝေဖန်တာတွေလည်းရှိသေးတယ်။ သူမယောကျ်ားကသူမနဲ့လျှောက်ရမယ့်အစား အခြားအမျိုးသမီးနဲ့ပဲအတူလျှောက်ချင်တယ်ဆိုတာမျိုးလိုပေါ့။ကြည့်လိုက်တာနဲ့တင် ကျန်းမှုဟန်က ရှန်းဝေပေါ်ခံစားချက်မရှိတာသိသာပြီး မကြာခင်ပဲ ရှန်းဝေ ကွာရှင်းခံရလိမ့်မယ်ဆိုတာတွေလည်းပါတယ်။

ဒါကိုမြင်တော့ ရှန်းဝေ ပြုံးပြုံးကြီးပဲကြည့်ကာ ဘာမှခံစားမနေရဘူး။

မကြာခင် ရှန်းဝေ ကော်ဇော်နီပေါ်လျှောက်ရမယ့်အလှည့်ရောက်လာပါတယ်။သူမတွဲဖက်ကတော့ အတူတွဲရိုက်ဖူးတဲ့စီနီယာတစ်ယောက်ဖြစ်တယ်။ဒါတွေပြီးတာနဲ့ ရှန်းဝေ ရှောင်စထျန်ဆီက ပုဝါတောင်းလိုက်တယ်။ သူမရဲ့အေးနေတဲ့ လက်နှစ်ဖက်ကိုလည်းအပြန်ပြန်အလှန်လှန်ပွတ်လိုက်

တယ်။

အရမ်းအေးတာပဲ။အမျိုးသမီးသရုပ်ဆောင်ဖြစ်ရတာမလွယ်လိုက်တာ။

သူမကိုယ်သူမန္တေးအောင်လုပ်နေချိန် ဝန်ထမ်းတစ်ယောက်ကသူမထိုင်ရမယ့်ခုံကိုခေါ်သွားပေးတယ်။အရှေ့ဆုံးခုံတန်းရဲ့အလယ်မှာတော့ ကျန်းမူဟန်ထိုင်နေလေတယ်။သူမကြည့်လိုက်တဲ့အချိန်မှာပဲ သူတို့အကြည့်ချင်းဆုံသွားကြတယ်။ သူမစိတ်ထင်တာပဲလားတော့မသိဘူး ကျန်းမူဟန်မျက်လုံးတွေက သူမပွတ်နေတဲ့လက်နှစ်ဖက်ကိုကြည့်နေတယ်လို့ ရှန်းဝေခံစားရတယ်။

ဒါပေမယ့် အချိန်ကအဲ့အကြောင်းတွေးဖို့အရမ်းတိုတောင်းပြီး သူမကသူမခုံကိုတောင်ရောက်လာနေပြီ။

ပွဲစီစဥ်သူကတော့ ပြဿနာကြိုကုံပဲ၊ သူမနဲ့ ဆုယင်းကို အတူတူထိုင်ဖို့လုပ်ပေးထားတယ်တဲ့။

သူမထိုင်တာကို ဆုယင်းမြင်တော့ သူမဝတ်ထားတဲ့ကြယ်တွေပြည့်နေတဲ့ဝတ်စုံနဲ့ ရှန်းဝေဘက်လှည့်ကာ

"ဝေဝေ နင်ကငါတို့အနောက်ကဖြစ်နေတာပဲ ငါနဲ့ဆရာကျန်းဝင်လာတဲ့အချိန်မသိလိုက်လို့"

သူမတမင်ရည်ရွယ်ပြီးကို ဆရာကျန်းနဲ့ငါလို့ပြောသွားတာပဲ။ဒါတမင်သက်သက်ကို ရှန်းဝေရဲ့အမိကနေရာရှေ့လာကြွားပြချင်တာပဲ။

အကြောင်းအရာကတော့ နင့်ယောက်ျားကနင်နဲ့အတူသွားရမှာထက်အခြားသူနဲ့ပဲသွားချင်တယ်။နင့်မှာဘာမျက်နှာပြစရာရှိလို့ ဒီလာနေတာလဲပေါ့? ကိုဆိုလိုတာပဲ။

ရှန်းဝေသူမနားမလည်သလို ဟန်ဆောင်ပြုံးလိုက်ရင်း "ငါ နင့်ကို မစွတာ

ကျန်းနဲ့ အတူလျှောက်ရမယ်မထင်ထားဘူး။ သူ့မှာပရိတ်သတ်အတော်များတယ်လေ။ ငါတိုက်ရိုက်ထုတ်လွှင့်တာကိုကြည့်လိုက်ရတယ် အဲ့မှာ နင့်ကို မစ္စဖြစ်ချင်နေတဲ့ ဟိုဟာဆိုပြီးလေ ပြောနေကြတာတွေ့လိုက်တယ် အိုက်ယား..."

ရှန်းဝေ ဝမ်းနည်းချင်ယောင်ဆောင်ကာ

"အခုခေတ် ကြည့်ရှုသူတွေကဒီလိုတွေပါပဲ၊အစ်မယင်းတကယ်မစ္စဖြစ်ချင်ချင်မဖြစ်ချင်ချင် ကျွန်မက အဓိကခန်းမဆောင်ကဆိုတာရှင်းနေတာပဲလေ"

ဒီလိုအပြောတွေမှာ ရှန်းဝေဘာမှဆက်မပြောတော့ရင်တောင်မှ ဆုယင်းမျက်နှာကတော်တော်ဆိုးနေပြီ။

အင်တာတိန့်မန်အသိုင်းအဝိုင်းကြီးအပြင်ကောအတွင်းမှာပါ လူတိုင်းက ရှန်းဝေနဲ့ ကျန်းမူဟာန်လက်ထပ်စာချုပ်အကြောင်း မပေါက်ကြားခင်ကတည်းကမှ ဆုယင်းက ကျန်းမူဟာန်ကို လိုက်နေတယ်ဆိုတာ လူတိုင်းသိထားကြတယ်။သူမကျရှုံးခဲ့တာပေါ့၊ဒါပေမယ့်ဘာဖြစ်လည်း သူမလက်မလျှော့ပဲ အခုထိကျန်းမူဟာန်ကိုလိုက်နေတုန်းပဲ သူလက်ထပ်သွားတယ်ဆိုရင်တောင်မှ။

ဒါတွေတင်မကဘူး လူတိုင်းလည်းသိနေကြတာပဲ ကျန်းမူဟာန်က ရှန်းဝေကိုမချစ်ဖူးဆိုတာကို။မကြာခင်မှာ သူတို့၂ယောက်ကွာရှင်းလိမ့်မယ်၊သူမအဲ့အချိန်ထိ လက်မလျှော့ဖူးဆိုရင် ကျန်းမူဟာန်လည်းအထင်ကြီးချင်ကြီးသွားနိုင်တာပဲ။အငယ်အနှောင်းဖြစ်ချင်တယ်ဆိုတာကတော့ သူမအောင်မြင်တာနဲ့ ဒါတွေမရှင်းနိုင်ဘူးဆိုတာမဖြစ်နိုင်တာကြီးပဲ။

ဆုယင်းက သူမဒီလိုတွေးလို့ဘာမှမဖြစ်ဘူးဆိုပေမယ့် သူမရှေ့လာနှိမ်ရင်တော့ငြိမ်ခံမယ်လို့မဆိုသာဘူး။

ဆုယင်းက ရှန်းဝေကိုမှန်းတီးစွာကြည့်လိုက်ကာ

"ပရိတ်သတ်တွေကပိတ်ကားပေါ်ကနေကြည့်နေရတာလေ၊ သူတို့ဘာသိနိုင်မှာမို့လို့လဲ?

အတွဲကကောင်းလားမကောင်းက သူတို့မမြင်ပဲမမှန်းနိုင်ဘူးလေ။ နင်နဲ့ဆရာကျန်းလိုပေါ့ သူတို့တွေခန့်မှန်းနေတာက မကြာခင်နင်တို့ကွာရှင်းကြမယ်တဲ့"

"ငါနဲ့ကွာရှင်းပြီးရင် ငါ့နေရာနင်ဝင်မလို့လား?"

ရှန်းဝေရဲ့ ဆုယင်းကြဲနေတာတွေကို အရွှန်းဖောက်ရင်းဖော်ထုတ်ပြောလိုက်ကာ သူမရဲ့လက်ချောင်းသွယ်သွယ်လေးတွေနဲ့ မေးကိုပွတ်ရင်း

"သနားစရာကောင်းလိုက်တာ၊ အချို့တွေများကိုယ်ဒီနေရာမရခင်ကတည်းက ကြိုးစားနေတာတောင် အခုထိမစ္စကျန်းဆိုတဲ့ဘွဲ့ကိုမရနိုင်သေးဘူး"

ဆုယင်းမျက်နှာ မနာလိုမှုကြောင့်ပျက်လာတာကို ဝမ်းသာအားရကြည့်ပြီး ရှန်းဝေက

"အစ်မယင်းယင်းကိုပြောတာမဟုတ်ဘူးနော် တို့ကိုအထင်မလွဲလိုက်နဲ့"

ဆုယင်း"...."

ဒီရှန်းဝေမ

မကောင်းတဲ့မိန်းမ

ဘာနည်းလမ်းတွေသုံးပြီး မစ္စတာကျန်းကိုလက်ထပ်လိုက်မှန်းမသိပေမယ့် မစ္စတာကျန်း ရှန်းဝေကိုမကြိုက်သရွေ့ ကိစ္စမရှိပါဘူးလေ။

မစ္စတာကျန်း သူမချစ်သရွေ့ တစ်နေ့ကွာရှင်းလာမှာပဲ။

"အငယ်အနှောင်းကိစ္စကိုတွေးပူရမှာထက် နင်ဘယ်နေ့မစ္စတာကျန်းနဲ့

ကွာရှင်းရမလဲ တွေးပူသင့်တယ်ထင်တယ်"

ဆုယင်း သူ့မမျက်နှာမော့လိုက်ရင်း ရှန်းဝေ တစ်နေ့ပစ်ခံရလိမ့်မယ်လို့ ပြောလိုက်တယ်။

ရှန်းဝေလည်း ပျင်းပျင်းရိရိပြန်တုံ့ပြန်လိုက်တယ်။

"အို အဲ့နေ့ရောက်လာမှာလား!"

ပြောပြီးတာနဲ့ သူ့မမျက်လုံးတွေက အရှေ့ဆုံးတန်းမှာထိုင်နေတဲ့ ကျန်းမူ ဟန်ဆီ အကြည့်ရောက်သွားတယ်။

ကျန်းမူဟန်ဟာ ရွှေတံဆိပ်ဆု၃ဆုရခဲ့ပြီးပြီမို့ သူဟာ ပွဲစီစဉ်သူတွေနဲ့ တန်းတူရှေ့ဆုံးမှာထိုင်ခွင့်ရှိတယ်။ သူ့မနဲ့ ဆုယင်းကတော့ တက်သစ်စ သရုပ်ဆောင်ပေါက်လေးတွေဖြစ်တာကြောင့် သူတို့က စတုတ္ထတန်းမှာထိုင် ကြရတယ်။

ကျန်းမူဟန် သူ့ကိုကြည့်တာကိုခံစားမိလိုလား တစ်ခုခုကြောင့်လာမှန်း တော့မသိ သူနောက်ဘက်လှည့်ကြည့်လာတော့ သူမနဲ့အကြည့်ချင်းဆုံကြ တယ်။

ကျန်းမူဟန် မျက်လုံးတွေဟာ နက်မှောင်တဲ့ ချောက်နက်ထဲကျသွားသလို မျိုး ကြာကြာကြည့်လိုက်မိရင် လူတစ်ယောက်ရဲ့ဝိညာဉ်ကိုဆုပ်ယူသွားမယ် လို့တောင် ထင်မိရတယ်။

ရှန်းဝေ ကြောင်ပြီးအကြာကြီး စိုက်ကြည့်နေမိတော့တယ်။ကံကောင်းစွာ နဲ့ ဆုပေးပွဲရဲ့ဥက္ကဌရောက်လာချိန်ပြီး ကျန်းမူဟန်အား

စကားပြောရန်ခေါ်သွားခဲ့တယ်။

"မူဟန် ငါဒီနေ့မင်းကို အကူအညီတောင်းစရာရှိတယ်။"ဥက္ကဌက ကျန်းမူ ဟန်အား တိုးတိုးလေးပြောလိုက်တယ်။

ဥက္ကဋ္ဌရဲ့အခက်ဖြစ်နေတဲ့အမူအယာကြောင့် ကျန်းမူဟန် နှုတ်ဟကာ

"မစ္စတာဆန်း ဘာကိစ္စများလဲ?"

မစ္စတာဆန်းက

"ဒီနေ့ ဆုပေးပွဲကို လူအိုကြီးချန်က တက်သစ်စအမျိုးသမီးဇာတ်ဆောင်ဆုပေးရမှာ။သူကကိစ္စရှိလို့မလာနိုင်ဘူး။ ငါတို့လည်းနောက်တစ်ယောက်ရှာရမှာ အဲ့မှာ အသင့်တော်ဆုံးလူအနေနဲ့ငါမင်းကိုတွေးမိသွားလို့။မင်းလည်း ရွှေတံဆိပ်ဆု၃ဆုရထားတာပဲ။တက်သစ်စလေးတွေလည်း အားဖြစ်သွားအောင် မင်းပေးပေးလို့ရမလား?မင်းဘယ်လိုထင်လဲ မူဟန်"

ကျန်းမူဟန် တုံ့ဆိုင်းမနေပဲ

"အဆင်ပြေပါတယ်"

"အိုကေ ဒါဆိုမင်းလို့စီစဉ်လိုက်ပြီ"

ကိစ္စဖြေရှင်းလို့ အဆင်ပြေသွားတာကြောင့် မစ္စတာဆန်းလည်း ပျော်ပျော်ရွှင်ရွှင်ရယ်လိုက်ကာ ပြီးမှ သူတစ်ခုခုအားသတိရသွားတာကြောင့် ကျန်းမူဟန်ပုခုံးအား လျှိုလျှို့ဝှက်ဝှက်ပုတ်ကာ

"မူဟန် မင်းဇနီးက ဒီဆုအတွက် ရွေးချယ်ခံဝင်ထားတာ ငါ့အထင် မင်းတော့ မင်းဇနီးကိုဆုပေးရမယ်ထင်တယ်"

အမှန်သာပြောရရင် ဒါက ကျန်းမူဟန်အား ကြိုတင်ပြောပြလိုက်တာသာဖြစ်တယ်။ဒီပွဲရဲ့ဥက္ကဋ္ဌဖြစ်တာမို့ ဒီနေ့ရဲ့ဆုရမယ့်သူတွေကိုသူဟာကြိုတင်သိနေပြီးသားဖြစ်တယ်။

ကျန်းမူဟန် ဒီအတွက်ကြောင့်စိတ်လှုပ်ရှားပြီး မအိပ်နိုင်တဲ့ အမျိုးသမီးအားမတွေးပဲမနေနိုင်ဖြစ်မိသွားတယ်။သူမက ဒီအတွက်ကြောင့်ပဲသူ့အားကိုက်တာ၊ကန်တာ၊ချစ်စဖွယ်လုပ်တာ အမျိုးမျိုးပြဿနာရှာနေတာကိုတွေး

မိသွားတော့ ကျန်းမူဟန် နှုတ်ခမ်းတွေကွေးသွားကာ

"ဘာဖြစ်ဖြစ် ကျွန်တော်က ဒီနေ့ဆုပေးဖို့ပဲတာဝန်ရှိတာလေ"

ဥက္ကဌဆန်း "....."

ငါတကယ်ကြီးမေ့သွားတော့မလို့

ဒီလူ ့ယောက်တကယ်ကြီး ကွာရှင်းဖို့သတင်းထွက်မလာလောက်ပါဘူး နော်?

ဆုပေးပွဲမကြာခင်စတင်လာခဲ့ပါပြီ။တက်သစ်စဆုအားကြေညာဖို့ရောက် ချိန်မှာတော့ ရှန်းဝေကောဆုယင်းကောစိတ်လှုပ်ရှားလာခဲ့ပါပြီ။ နှစ်ယောက်လုံး တက်သစ်စဆုအတွက် အရွေးချယ်ခံဝင်ကြသူတွေဖြစ်တယ်။ ဒီဆုသာရရင်တော့ ဒါဟာသူတို့အနုပညာလမ်းကြောင်းအတွက် တကယ်ကို အထောက်အကူဖြစ်မှာဖြစ်တယ်။

ဒါပေမယ့် တင်ဆက်သူအမျိုးသမီး ကျန်းမူဟန်ကို ဆုပေးဖို့ဖိတ်ခေါ်လိုက်တဲ့အချိန်မှာတော့ ရှန်းဝေရဲ့ စိတ်လှုပ်ရှားမှုပျော်ရွှင်မှုတွေက စိတ်အနှောက်အယှက်အဖြစ်ပြောင်းလဲသွားပါတယ်။

ဘာလို့ ကျန်းမူဟန်က ဆုပေးမယ့်သူဖြစ်နေရတာလဲ?

ဆုယင်းလည်း အံ့သြတာကြောင့် သူမမျက်လုံးပြူးသွားကာ သူမအကြည့်ထဲ လေးစားမှု၊ပျော်ရွှင်မှုတွေဖြင့် ပြည့်နှက်လာကာ

"ဘယ်လိုဖြစ်ပြီး မစ္စတာကျန်းဖြစ်သွားရတာလဲ? မစ္စတာချန် နဲ့မစ္စတာလီယုံက ဆုပေးဖို့တာဝန်ယူထားတဲ့သူတွေမဟုတ်ဘူးလား?"

အခု မစ္စတာလီယုံက ဆင်းပေါ်မယ်ဆိုတော့ မစ္စတာချန်ကဘယ်ေရာက်သွားတာလဲ?

သူတို့ ့ယောက်ပဲရှုပ်ထွေးကုန်တာမဟုတ်ပါဘူး၊ အခြားပွဲရှိ လူတွေ

အကုန်လည်း ရှုပ်ထွေးကုန်ကြတယ်။ ဆရာလီယုံက အကုန်လုံးအတွေးတွေကိုနားလည်တာကြောင့်

အကြောင်းပြချက်ကိုရှင်းပြကာ လေ့ကျင့်ထားတဲ့အတိုင်း ကျန်းမူဟန်နဲ့ပြောဆိုရယ်မောကာ ဆုပေးကဒ်ပြားအားကြည့်ရင်း

ဒီနှစ်ရဲ့ တက်သစ်စ အမျိုးသားဇာတ်ဆောင်နဲ့ အမျိုးသမီးဇာတ်ဆောင်ဆုအား ဖတ်ပြလိုက်ပါတော့တယ်။

ဆရာလီယုံက အမျိုးသားဇာတ်ဆောင်ရဲ့နာမည်ပြောပြီး ကျန်းမူဟန်ကတော့ အမျိုးသမီးဇာတ်ဆောင်နာမည်ဖတ်ပြလာတယ်။

ဆုယင်းက သူမခန္ဓာကိုယ်မတ်မတ်ထားထိုင်ကာ ကျန်းမူဟန်အား စိတ်အားထက်သန်စွာကြည့်လိုက်တော့တယ်။ဒါငါဖြစ်ရမယ်၊ ငါဖြစ်မှဖြစ်မယ်၊ ငါ မစ္စတာကျန်းဆုပေးတာကိုလိုချင်တယ်။ ကျေးဇူးပြုပြီး၊ ဒီဆုကငါနဲ့ပဲထိုက်တန်တယ်။

ဆုယင်း ရှန်းဝေကိုဖွဲ့ရင်း သူမစိတ်ထဲမှာလည်း မစ္စတာကျန်းဆီမှ ဆုလက်ခံယူကာ လက်ချင်းချိတ်နှုတ်ဆက်တာကို မြင်ယောင်လာမိတယ်။ ကျန်းမူဟန် ဖြေးဖြေးနဲ့ သူ့နှုတ်မှစကားလုံး၂လုံးအား အေးအေးဆေးဆေးခေါ်လိုက်တာကတော့

"ရှန်းဝေ"

***

ရှန်းဝေက ဆုရလို့ပျော်နေပေမယ့် ကျန်းမူဟန်က ဆုပေးရတယ်လို့တွေး မိပြန်တော့ မပျော်တော့ပြန်ဘူး။

အဲ့သူရဲ့အရိပ်အောက်ဖိနှိပ်ခံရတယ်လို့ခံစားနေမိတယ်။

သူတို့လက်ထပ်ထားကြတယ်လို့ လူတိုင်းသိကုန်ကတည်းက အများ အပြင်မှာပြောဆိုဆက်ဆံတာမျိုးတစ်ခါမှမလုပ်ခဲ့ကြဖူးဘူး။ဒါကြောင့် လည်း လူတွေကသူတို့စုံတွဲနာမည်ကို အတုအယောင်စုံတွဲလို့နာမည်ပေး ထာကြတယ်လေ။ဒီစုံတွဲရဲ့ပရိတ်သတ်နာမည်ကလည်း အတုအယောင် ပရိတ်သတ်တဲ့လေ။

အခု သူမနဲ့ကျန်းမူဟန် နှစ်ယောက်အတူတူ ဖုန်းမျက်နှာပြင်တွေမှာ အတူ တွေ့ကြရတော့မယ်။ဒါတွေပြီးရင်တော့ အင်တာနက်ပေါ်မယ် ဘယ်လို မှန်တိုင်းတွေတိုက်လာမလဲ သူမလဲမတွေးဝံ့တော့ဘူး။

အခုတော့ဒီအကြောင်းဆက်တွေ့ရမယ့်အချိန်မဟုတ်ဘူး၊ရှန်းဝေ မက်တပ် ထရပ်ကာ ဆုယင်းကိုဖက်သလိုဟန်ဆောင်လိုက်တယ်။

ဆုယင်း မနာလိုပြီးသေမလိုဖြစ်နေပေမယ့် မျက်နှာကတော့ပြုံးနေကာ ဂုဏ်ပြုစကားတွေပြန်ပြောလိုက်တယ်။သူမစိတ်တိုလွန်းလို့ သူမအတွင်း အင်္ဂါတွေကြေမွတေယ့မယ့်အတိုင်းကို ဆုယင်းခံစားနေရတယ်။သူမ ဖက် ပြီးခွာလိုက်တာနဲ့ ဆုယင်းအံကြိတ်ကာ

"လုပ်ငန်းအောင်မြင်ပြီးဆိုတာနဲ့ အချစ်မှာကျရှုံးတတ်တယ်လို့ငါကြားဖူး တယ်။ဂရုစိုက်နော်။"

အဖွဲ့ခံရတဲ့ရှန်းဝေလေး ကျန်းမူဟန်ထံမှစွန့်ပစ်ခံရပြန်ပြီ...

အခုသာသူမဆုယူနေတဲ့အချိန်အခါမဟုတ်ဘူးဆို ရှန်းဝေ ဆုယင်းအား မျက်လုံးလှည့်ပြချင်မိပါရဲ့။ဒီမိန်းမရဲ့ဦးနှောက်အတော်ကြီးတာပဲ။

နတ်မိမယ်လိုဝတ်စုံနဲ့ ရှန်းဝေနဲ့ဆုယူတဲ့အမျိုးသားတို့ဆင်းပေါ်တက်လာကာ ဆုပေးသူတွေနဲ့လက်ချင်းဆိတ်လိုက်ကြတယ်။အမျိုးသားသရုပ်ဆောင်က ဆရာလီယုံနဲ့အရင်နှုတ်ဆက်တာမို့ ရှန်းဝေက ကျန်းမူဟန်နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ရတယ်။

တစ်ယောက်ရဲ့လက်ကကြီးပြီး တစ်ယောက်ရဲ့လက်ကသေးနေတယ်။ကြီးတဲ့လက်ကသေးတဲ့လက်ကိုဆုပ်ကိုင်လိုက်ကာတာက တကယ်ကိုမျက်စိပဒေသာဖြစ်စေတယ်။

သူတို့ရဲ့မျက်နှာအမူအယာတွေကို ဖယ်လိုက်မယ်ဆိုရင်ပေါ့။

ယေဘုယအနေနဲ့ပြောကြရရင် ဇနီးနဲ့ခင်ပွန်း ဆုပေးပွဲဆင်းမှာအတူရပ်နေတာက တကယ်ပျော်ရွှင်စရာအချိန်ဖြစ်တယ်။နှစ်ယောက်လုံးကပြုံးနေကြပြီး ခံစားချက်ရှိတဲ့စုံတွဲတွေဆို

ကြည်နူးဖို့တောင်ကောင်းဦးမယ်။ကျန်းမူဟန်နဲ့ ရှန်းဝေတို့အလှည့်မှာတော့ တစ်ယောက်ကမျက်နှာအမူအယာမရှိ၊အေးစက်စက်နဲ့၊ နောက်တစ်ယောက်ကအကြည့်ချင်းဆုံဖို့ရှောင်ပြီး ပရိဆန်ဆန်ပြုံးနေတယ်တဲ့။

ဆုပေးပွဲကလူတွေ".....".

တိုက်ရိုက်ထုတ်လွှင့်မှုကြည့်နေသူတွေ"..."

ဒါမှတကယ့်အတုအယောင်စုံတွဲပဲလေ။

တကယ့်အတုအယောင်စုံတွဲရဲ့ပရိတ်သတ်တွေဟာရူးရူးသွပ်သွပ်အော်နေကြတယ်။ တို့စုံတွဲရဲ့လိုက်ဖက်နေမှုကြီးကလှချက်။အတုအယောင်စုံတွဲက

သကြားတွေလောင်းချပေးတာ ချိုမှချို။

ရှန်းဝေ အခြားသူတွေဘာတွေးနေလည်းမသိဘူး၊သူမ ကျန်းမူဟန်နဲ့ လက်ဆွဲနှုတ်ဆက်ပြီးတာနဲ့ ချက်ချင်းကိုဖယ်ကာ ဆရာလီယုံနဲ့ပျော်ပျော်ရွှင်ရွှင်သွား နှုတ်ဆက်တယ်။သူမအပြုံးက ချက်ချင်းကိုတောက်ပရွှန်းလဲ့ပြီး ဆွဲဆောင်မှုရှိတဲ့အပြုံးဖြစ်သွားတယ်။

ကျန်းမူဟန် သူမကို အပြုံးသေးသေးလေးနဲ့ ကြည့်လိုက်ပြီး တက်သစ်စဆုနဲ့လည်းတကယ်ထိုက်တန်တယ်လို့တွေးမိသွားတယ်။ သူတကယ်ကို ချက်ချင်းရုပ်ပြောင်းရုပ်လွှဲနိုင်တဲ့ဒီအရည်အချင်းကိုလေးစားသွားတော့တယ်။

ဆုလက်ခံယပြီးတာနဲ့ ရှန်းဝေနဲ့အမျိုးသားသရုပ်ဆောင်တို့ ကျေးဇူးတင်စကားပြောကြတယ်။

ဆုပေးပွဲပြီးတာနဲ့ ရှန်းဝေသူမဝတ်စုံလဲဖို့ အဝတ်လဲခန်းကိုအရင်သွားတယ်။လေဖောင်းအနွေးထည်နဲ့ သူမရဲ့ဆောင်းရာသီအနီရောင်စကပ်ကိုလဲကာ ဖုန်းကိုရှောင်းထျန်ဆီမှယူလိုက်တယ်။

ဆုပေးပွဲပြီးတော့ သူမသိတဲ့အနုပညာအသိုင်းဝိုင်းကသူတွေကော အနုပညာအသိုင်းအဝိုင်းကမဟုတ်တဲ့ သူငယ်ချင်းမိတ်ဆွေတွေပါ သူမကို ဂုဏ်ပြုစာတွေပို့ကြတယ်။

ဒါတွေကို စာပြန်ပို့ရင်း ခဏတဖြုတ်တော့ သူမရင်းနှီးနေတဲ့ ချွဲချွဲနွဲ့နွဲ့အသံကိုကြားလိုက်ရတယ်။

"မစ္စတာကျန်း ခဏနေပါဦး"

ဆုယင်းပါပဲ။

ရှန်းဝေရဲ့မျက်နှာလှလှကလေးက နည်းနည်းမှော့လာတယ်။သိပ်မဝေးတဲ့

နေရာမှာ ဆုယင်းကသူမရဲ့အဆင့်မြင့်ပွဲတက်ဝတ်စုံနဲ့ပဲ ကျန်းမူဟန်ထံ ဖွဖွ ရွရွပြေးလာတော့တယ်။ကျန်းမူဟန်ရဲ့ လက်ထောက်လီရှောင်းဟွေ့ကဒါကို တားဖို့ ရှေ့ထွက်လာကာ

"မစ္စဆု မင်းအတွက်ငါဘာများကူညီပေးရမလဲ?" လီရှောင်းဟွေ့က ယဉ်ကျေးစွာမေးလိုက်တယ်။

ဆုယင်းက သူ့ကိုမမြင်ချင်ယောင်ဆောင်ပြီး ကျန်းမူဟန်ကိုချစ်ခင် နှစ်သက်မှုတွေနဲ့ကြည့်ကာ သူမနှုတ်ခမ်းနီနီကိုကိုက်ရင်း ပါးနီနီဖြင့်

"မစ္စတာကျန်း ကျွန်မ တက်သစ်စသရုပ်ဆောင်ဆုမရလို့ ဒီနေ့အရမ်းစိတ်အားငယ်နေတာ။ရှင့်ရဲ့အားပေးစကားများရနိုင်မလား ကျွန်မမသိဘူး။ ကျွန်မထင်တာ ကျွန်မသာရှင့်ရဲ့ အားပေးနှစ်သိမ့်တာသာခံရမယ်ဆို ကျွန်မ နောက်တစ်ချိန်သေချာပေါက်ရမှာသေချာတယ်။"

ဩော် တကယ်တော့ဒါကို။

ရှန်းဝေ ချက်ချင်းမထွက်သွားပဲ သူမဘေးနားကနံရံကိုမှီကာ အားပါးတရ ကြည့်နေလိုက်တယ်။

ကျန်းမူဟန်ဟာ အပြင်လူတွေနဲ့ပြောဆိုတဲ့အခါတကယ်ကိုအေးစက်စက် နိုင်လှတယ်။သူကစိတ်မဝင်စား ဂရုမစိုက်စွာနဲ့

"မင်းဆုရတာမရတာက ငါနဲ့ဘာမှမဆိုင်ဘူး ဟုတ်တယ်မလား?"

အဓိပ္ပာယ်ကတော့ အားပေးနှစ်သိမ့်စရာမရှိဘူး။အခုပဲဒီကထွက်သွားတော့။

ဆုယင်းမျက်နှာဖြူဖျော့လာကာ သူမနှုတ်ခမ်းကိုက်လိုက်ပြီး အရှုံးမ ပေးချင်လို့ဆက်ပြောလိုက်တယ်။

"မစ္စတာကျန်း ကျွန်မရှင့်ကိုတကယ်လေးစားတာပါ။ကျွန်မကရှင့်ပရိတ်

သတ်လေ။ကျွန်မ ကျွန်မတကယ်ရှင့်ဆီကအားပေးနှစ်သိမ့်တာလိုချင်လို့ပါ။"

ယို့ နင်ကဒီအတွက်နဲ့ အိုင်ဒေါ်နဲ့ပရိတ်သတ်ဆက်ဆံရေးတောင်ဆွဲထည့်လိုက်သေးတယ်ပေါ့။

ကောင်းလိုက်တဲ့ဟာ။

ရှန်းဝေ ကျန်းမူဟန် ဘယ်လိုပြန်ပြောမလည်းတကယ်ကိုသိချင်မိတယ်။

ဒီပြပွဲကိုကြည့်ရင်း ရှန်းဝေရဲ့နှုတ်ခမ်းပေါ်ကအပြုံးဟာပိုပိုမြင့်မြင့်လာတယ်။သူမ ဖရဲသီးစေ့စားပြီးကို ဆက်ကြည့်ချင်နေမိတယ်။

ကျိုးရှင်းနဲ့ရှောင်းထျန်မှာတော့ သူမအတွက်စိတ်ပူနေကြရတယ်။သူမယောက်ျားကမြူဆွယ်ခံနေရတယ်လေ။ဘာလို့ အဓိကခန်းမဆောင်ကဒီလောက်တောင်စိတ်အေးလက်အေးဖြစ်နေတာလဲ?။

ဘုရင်မကမပူရဘူး သူတို့ကပူနေရတယ်။

ရှန်းဝေရဲ့ ကျန်းမူဟန်ရဲ့အရှက်ကွဲမှုကိုမြင်ရဖို့စောင့်နေတဲ့အချိန်မှာပဲ ကျန်းမူဟန် သူမဘက်လှည့်ကြည့်လာပြီး

"အဲ့မှာ ကြောင်တောင်တောင်ဘာရပ်လုပ်နေတာလဲ? ဒီကိုလာခဲ့"

ရှန်းဝေအံ့အားသင့်သွားကာ"...."

သူဘယ်အချိန်က ငါ့ကိုရှာတွေ့တာလဲ?

သူ့နောက်မျက်စိက မြင်ရတာလားဟ?

ဆုယင်း ရှန်းဝေမထွက်သွားဘူးဆိုတာကိုမမျှော်လင့်ထားမိဘူး။သူမမျက်နှာကပြာလာလိုက်ဖြူလာလိုက်ဖြစ်လာတယ်။ဇနီးကြီးရှေ့မှာ သူမမျက်နှာပျက်ရတာကတကယ်ရှက်စရာပဲ။

"မြန်မြန်သွားလိုက်လေ" ကျိုးရှင်း ရှန်းဝေရဲ့နောက်ကျောကိုအသာတွန်း

လိုက်တယ်။

ရှန်းဝေမှာရှေ့ရောက်သွားတော့ မတတ်နိုင်ပဲ ကျန်းမူဟန်ထံလျှောက်သွားလိုက်တယ်။သူမ ကျန်းမူဟန်ကိုကြည့်လိုက်၊ဆုယင်းကိုကြည့်လိုက်လုပ်ရင်းပြုံးကာ

"တို့ကဖြတ်သွားဖြတ်လာလုပ်တာနော်။နင်တို့ရဲ့စကားဝိုင်းကိုနှောက်ယှက်ဖို့စိတ်ကူးမရှိပါဘူး။ နင်တို့ဆက်ပြောကြ ပြောကြ။တို့အရင်သွားနှင့်မယ်"

ဒါပြောပြီးတာနဲ့ သူမအဝေးသွားဖို့ပြင်ချိန် အားကောင်းတဲ့လက်တစ်စုံက သူမခါးကိုဆွဲယူကာ ဖြည်းညှင်းစွာပွေ့ဖက်လိုက်တယ်။သူမ ဒီလူကြီးရဲ့ ရင်ခွင်ထဲရောက်သွားတော့တယ်။ရှန်းဝေမှာအံ့အားသင့်သွားတယ်။

သူတို့၂ယောက် အတုအယောင်စုံတွဲအဖြစ်နေဖို့ သဘောတူထားကြတယ် မဟုတ်ဘူးလား?

သူမ ကျန်းမူဟန်ကိုစိုက်ကြည့်ဖို့လှည့်လိုက်ချိန် ကျန်းမူဟန်က သူမကို လွှတ်ပေးကာ ထွေးပြီးကြီးမားတဲ့လက်တွေကသူမခေါင်းကိုကိုင်ကာ သူမ မျက်နှာအားဆုယင်းဘက်လှည့်လိုက်ပြီး ဖြေးညှင်းစွာပြောလိုက်တယ်။

"ဒီကမိန်းကလေးကအရမ်းကိုစိတ်ဆင်းရဲနေတယ်တဲ့။သူမဆုမရလိုက်လို့။ ဒီနေ့ရဲ့ဆုရတဲ့သူအနေနဲ့ မင်းအနေနဲ့ မင်းမိတ်ဆွေကိုအားပေးစကားပြောပေးသင့်တယ်။ကိုယ့်မယ်လုပ်စရာရှိသေးလို့ အရင်သွားနှင့်တော့မယ်။"

သူ့ခြေထောက်ရှည်ကြီးနဲ့ ကျန်းမူဟန်အေးအေးဆေးဆေးထွက်သွားတော့တယ်။

မျက်နှာချင်းဆိုင်နေကြတဲ့ ဆုယင်းနဲ့ ရှန်းဝေ".....''

ရှန်းဝေမျက်တောင်ပုတ်ခပ်ပုတ်ခပ်လုပ်ကာ

"ကျရှုံးမှုက အောင်မြင်မှုရဲ့မိခင်ပဲ။နင်နည်းနည်းထပ်ကျရှုံးတာနဲ့ ကျင့်သားရသွားပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နောက်နှစ်လည်းနင်ရမှာမဟုတ်ပါဘူးလေ။"

ဆုယင်း".....''

ရှန်းဝေ"နင်ငိုချင်လည်းငိုချလိုက်ပါ။ မိန်းကလေးတွေငိုတာက အပြစ်မဟုတ်ပါဘူးလေ။ ငါ့ကိုရှုံးသွားတာလည်း မမျှတတာမဟုတ်ပါဘူးလေ။ငါ့ရုပ်ရှင်တွေနင်ယူပြီးကြည့်လေ ပြီးရင်ငါ့ဆီကနေပြန်သင်ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် နင်နောက်နှစ်ဆုရနိုင်ဖို့နင်ပြန်ကြိုးစား....."

"ရှန်း ဝေ" ဆုယင်းအံတင်းတင်းကြိတ်ရင်း

"နင်စောင့်ကြည့်နေ ငါနင့်ကိုငိုစရာနေရာမရှိအောင်ကိုလုပ်ပြမယ်"

ဆုယင်းသူမစကပ်မကာ ပြေးထွက်သွားတယ်။

ရှန်းဝေ နှမြောစွာနဲ့နောက်ကလှမ်းပြောလိုက်တယ်

"နေပါဦးဟ ငါအားပေးစကားပြောတာမပြီးသေးဘူးလေဟယ်"

ဆုယင်းမှာ ခန္ဓာကိုယ်ယိုင်တိုင်တိုင်ဖြစ်သွားပြီး ပိုပြီးမြန်မြန်ပြေးထွက်သွားတယ်။

"ဟား ဟား ဟား အစ်မဝေဝေ အစ်မပါးစပ်ကအဆိပ်ပြင်းလှပါ့လား"

ဆုယင်းထွက်သွားတာနဲ့ ရှောင်းထျန်ထွက်လာကာအားပါးတရလက်မထောင်ပြလိုက်တယ်။

ရှန်းဝေ သူမရဲ့ဆံပင်တွေကိုလိမ်ကစားရင်း

"ငါဘယ်သူလဲဆိုတာ မမေ့နဲ့ဦးလေ"

"ဒါပေါ့ အစ်မဝေဝေကစကြာဝဠာတစ်ခုလုံးရဲ့အလှလေးလေ"ရှောင်းထျန်သူမရဲ့မြောက်ပင့်စကားတွေစပြောတော့တယ်။

ကျိုးရှင်းသူတို့နှစ်ယောက်ကိုကြည့်လိုက်တယ်။တစ်ယောက်က မြှောက်ပင့်နေချန်၊တစ်ယောက်ကလည်း ဝင့်ဝင့်ကြွားကြွားနားထောင်နေလေရဲ့။ကျိုးရှင်း သူတို့ရဲ့အပြုအမူကြောင့်ပြောစရာစကားမရှိတော့ဘူး။

"အခုဆုယင်းကကုမ္ပဏီပြောင်းသွားပြီနော်။သူ့နောက်မယ်ဘယ်လိုသူရှိနေမလဲမသိနိုင်ဘူး။သတိလည်းထားဦး ဟိုကနင့်ဆီကထပ်ပြီးအခွင့်အရေးကောင်းတွေလုသွားဦးမယ်"

"မနက်ဖြန်ကိစ္စဘယ်သူဂရုစိုက်လဲ?"ရှန်းဝေလှလှလေးပြုံးလိုက်ကာ

"ငါဒီနေ့မူးနေလို့ နောက်နေ့မှပြောကြတာပေါ့"

ကျိုးရှင်း"...."

သူမနှုတ်ခမ်းတွေတဆပ်ဆပ်လှုပ်သွားပေမယ့် သူမ မငြင်းနိုင်ပါဘူးလေ။

"ဟုတ်ပြီလေ ဘာပဲဖြစ်ဖြစ် နင့်ယောကျ်ားလည်းရှိသေးသားပဲ။နင်ဖြေရှင်းမရရင် နင့်ယောကျ်ားဆီကပ်ကြည့်ပေါ့ မပြောနိုင်ဘူးလေ သူကူညီချင်ကူညီမှာပဲ"

"ဘယ်သူကသူ့ကိုကူညီခိုင်းမှာလဲ"

ရှန်းဝေရဲ့မျက်နှာလေးမဲ့သွားကာ

"ဒီကနေခုန်ချလို့သေရင်တောင် သူ့ဆီကအကူအညီမတောင်းဘူးနော်"

ရှောင်းထျန်"အစ်မဝေဝေ ဒါကပထမထပ်လေ၊ အစ်မဘယ်လိုခုန်ချမှာလဲ?"

ရှန်းဝေ"ရှောင်းထျန် နင်ငါ့စကားကိုအဓိပ္ပာယ်ကောက်စရာမလိုဘူးလေ။ငါပြောတာသိရင်ရပြီလေ"

ရှောင်ထျန်း"ဪ ဒီလိုလား"

ကျိုးရှင်း"...."

ဘာလို့ငါ့စိတ်ထဲရှန်းဝေသူ့မျက်နှာဖျက်ရိုက်ခံရမယ်လို့တွေးနေမိပါလိမ့်။

သုံးယောက်သားစကားပြောရင်း ကားပါကင်ကို လျှောက်လာကာ သူတို့ကားစီးရောက်လာတော့တယ်။ကားပေါ်တက်တော့မယ့်အချိန်မှာပဲ၊ဘေးကရပ်ထားတဲ့ Rolls-Royce phantomဆီမှဟွန်းသံထွက်လာတယ်။

ရှန်းဝေမှာဂရုစိုက်ချင်စိတ်မရှိနေဘူး။တစ်ချက်ထဲနဲ့တင် ဒီကားက ကျန်းမူဟန်ကားမှန်းသိသာလှတယ်။

သူအခုထိမသွားသေးဘူးလား?

ကားရှေ့ခန်းမှာထိုင်နေတဲ့လီရှောင်းဟွေခေါင်းထွက်လာကာ

"မစ္စဝေဝေ၊ မစ္စတာကျန်းကမင်းကိုခေါ်နေတယ်"

ငါ့အဲ့ကိုသွားရမယ်လို့ပြောနေတာလား?

ဟာသပဲ!

သူမလက်တွေကို ရင်ဘက်ရှေ့ယှက်ကာ

"သူငါ့ကိုခေါ်တာ ခေါ်တဲ့သူဒီလာရမယ်မဟုတ်ဘူးလား?"

လီရှောင်းဟွေ ကိုးရိုးကားယားရယ်ကာ ကျန်းမူဟန်ထံ

"အစ်ကိုကျန်း အစ်မဝေကမလာဘူးတဲ့"

ကျန်းမူဟန်ကားခုံပေါ် ပျင်းရိစွာမှီထိုင်နေကာ

သူ့လက်ထဲမှအစီရင်ခံစာတွေကိုကြည့်နေလိုက်တယ်။လီရှောင်းဟွေပြောတာကြားတော့ မျက်ခုံးပင့်ကာ ကားတံခါးကိုကျော်ကာကြည့်လိုက်တယ်။

အရပ်ရှည်ပြီးသေးသွယ်တဲ့မိန်းကလေးကကားတံခါးကိုအရိုးမပါသကဲ့သို့

မှီရပ်နေတယ်။သူမရဲ့ဝတ်စုံကတော့ နတ်မိမယ်ပုံစံလိုဝတ်စုံမဟုတ်တော့ဘူး။သူမဝတ်နေကျပုံစံအတိုင်းဝတ်ထားတာ ကျက်သရေရှိပြီးဆွဲဆောင်မှုရှိလှတယ်။မျက်နှာအမူအယာကလည်း သူမှအခုအောက်ဆင်းမချော့ရင် သူမအဲ့ကနေလုံးဝမရွှေ့ဘူးဆိုတဲ့ပုံစံမျိုး။

ကျန်းမူဟန် နှုတ်ခမ်းအနည်းငယ်ရွှေ့သွားကာ လီရှောင်းဟွေ့ကို တိုးတိုးလေးပြောလိုက်တယ်။

လီရှောင်းဟွေ့ ကားတံခါးမှနောက်တခါခေါင်းထပ်ထုတ်ပြီး

"မစ္စတာဝေဝေရေ အစ်ကိုကျန်းက မင်းအတွက် Dream Cakeဝယ်ထားတယ်"

ရှန်းဝေရဲ့အကြိုက်ဆုံးမုန့်က ကိတ်ပဲ၊အထူးသဖြင့်Dreamကကိတ်။သူကချိုပြီးအဆီဓာတ်လည်းမများဘူး ပြီးရနံ့ကလည်းမွှေးတယ်။သူမ မစားရတာအတော်တောင်ကြာပြီ။အခုချိန် သူမဒါကိုကြားလိုက်တော့ သူမရဲ့အစားအသောက်ကြိုက်စိတ်ကဝင်လာပြီး ကျန်းမူဟန်နဲ့ ဖက်ပြိုင်မနေတော့ပဲ သူမကားပေါ်ပြေးသွားလိုက်တော့တယ်။

ကျိုးရှင်း"...."

ဒီလောက်မျှားရလွယ်လား?

ရှောင်းထျန်"...."

မစ္စတာကျန်းက အစ်မဝေဝေကိုတအားအလိုလိုက်တာပဲ။ချိုလိုက်တာ။

ရှန်းဝေ ကျန်းမူဟန်ရဲ့ကားအပြင်မှာရပ်ပြီး

သူမရဲ့ဝိုင်းစက်မည်းနက်နေတဲ့မျက်လုံးတွေဖြင့်ကြည့်ကာ

"ကိတ်ဘယ်မှာလဲ?ငါ့မြန်မြန်ပေး"

ကျန်းမူဟန်စာရွက်တွေချလိုက်ကာ သူ့မျက်နှာနဲ့နီးတဲ့မျက်နှာလှလှလေး

ကိုကြည့်ရင်း

"မပေးဘူး"

ရှန်းဝေ စိတ်တိုတိုနဲ့ မျက်လုံးဝိုင်းကာ

"နင်င့ါကိုလိမ်တာပဲ"

လူအိုစုတ်ကြီး!

ဒီညဆိုဖာမှာအိပ်ခိုင်းရမယ်!

ရှန်းဝေစိတ်ဆိုးဆိုးနဲ့ လှည့်ထွက်ဖို့ပြင်ချိန်၊ကျန်းမူဟန် လက်ဆန့်ကာ သူမလက်အားဆွဲကာခေါ်လိုက်တယ်။ရှန်းဝေ မငေါက်ရသေးခင်မှာပဲ ကျန်းမူသန် သူမနှာဖူးကိုလာတောက်ကာ ဆွဲဆောင်မှုရှိတဲ့အသံနဲ့ပြောလိုက်တယ်။

"မင်းကိုနှောက်တာ"

***

ရှန်းဝေ ကားနောက်ခုံကိုမှီကာ နှင်းစက်ဖွေးဖွေးတွေနှင့်အပြင်ဘက်ရှု ခင်းကိုကြည့်ပြီးကိတ်တစ်ဝက်ကိုစားလိုက်တယ်။

ကိတ်လေးတစ်ခုအတွက်နဲ့သူမဘာလို့အရူးလုပ်ခံပြီး ကျန်းမူဟန်ကားပေါ် တက်ခဲ့ပါလိမ့်?သူမကိတ်ကိုယူပြီး ကိုယ့်ကားပေါ်ကိုယ်စားလို့ရရဲ့သားနဲ့။

"ကားပေါ်ကခုန်ချမယ်ဆိုရင်တောင်မှ အခုလုပ်ဖို့နောက်ကျသွားပြီ"

သူမတွေးနေတဲ့အရာတွေကို ဖောက်ထွင်းသိနေတဲ့အတိုင်း ပြောလာတဲ့ အသံကိုကြားလိုက်ရတယ်။

ရှန်းဝေ သူ့ကိုဒေါသကြီးကြီးစိုက်ကြည့်လိုက်ကာ

"ဒီကိတ်တစ်ခုနဲ့တင် ရှင်လုပ်ခဲ့တာတွေ ခွင့်လွှတ်မယ်မထင်လိုက်နဲ့"

"ခွင့်လွှတ်ဖို့လား"ကျန်းမူဟန် ကားပြတင်းပေါက်မှအပြင်သို့ကြည့်ရင်း ပြောလိုက်တယ်။သူ့မျက်ခုံးတွေက ရှုပ်ထွေးမှုကြောင့် တွန့်သွားတယ်။

"ကိုယ်တစ်ခုခုအမှားလုပ်မိတာရှိလို့လား?မင်းဆီကခွင့်လွှတ်ဖို့ဘာလို့လိုရ တာလဲ?"

"အို ရှင်အမှားလုပ်တယ်မခံစားရဘူးပေါ့?"

ရှန်းဝေ ကိတ်ပေါ်ခရင်းထိုးချလိုက်ကာသူ့မျက်လုံးတွေအားကျဉ်းမြောင်း လိုက်တယ်။သူမမေးကိုမော့ကာ ဘုရင်မကမေးခွန်းထုတ်သလိုမေးလိုက် တယ်။

"ရှင် ရှင့်ရဲ့ပန်းပွင့်တွေနဲ့ရှင်းဖို့ကျွန်မကိုအဲ့မယ်ထားခဲ့တယ်လေ။ဒါကိုမှား တယ်မထင်ဘူးပေါ့?"

"ကိုယ်ထင်တာ ခင်ပွန်းလုပ်သူကအခြားအမျိုးသမီးတွေနဲ့ အထိအတွေ့ မရှိရအောင်ရှောင်မိတာပဲရှိမယ်ထင်တယ်။ဇနီးလုပ်သူအနေနဲ့ မင်းအနေနဲ့ ပျော်သင့်တယ်မဟုတ်ဘူးလား?"ကျန်းမူဟန် အသံကသူမှားတာဘာမှမ လုပ်မိသကဲ့သို့ အေးစက်ကာငြိမ်သက်လှတယ်။

ရှန်းဝေကသူ့ရဲ့ဒီလိုတည်ငြိမ်တဲ့ပုံစံကို အမုန်းဆုံးပဲ။အရမ်းကိုဟန်ဆောင်ကောင်းတာပဲ။

ရှန်းဝေက"ငါပျော်တာပေါ့!ရှင်သာရှုပ်ဖို့လုပ်မယ်ဆို ကျွန်မမှာရှင်းရမယ့် ပြဿနာတွေများဘယ်လောက်တောင်ပုံနေမလဲ။ကျွန်မမှာနေ့တိုင်းကိုယ့် အလုပ်နဲ့ရှုပ်နေတာ ရှင့်ရဲ့အရှုပ်ထုပ်ကိစ္စတွေသာရှင်းဖို့လည်း အားကိုမရှိဘူး"

"ဘယ်တုန်းကကိုယ်ရှုပ်မိလို့လဲ?"ကျန်းမူဟန် အမှားရှာဖို့လုပ်နေတဲ့ သူ့ဇနီးလေးကိုကြည့်ကာမေးလိုက်တယ်။သူ့အသံမနှေးမမြန်ဖြင့်

"တစ်ယောက်ယောက်ကသူ့ဘာသာ လိုက်လိုက် ပြေးလိုက်လုပ်နေတာလေ။ကိုယ်ဘာများလုပ်နိုင်မှာလဲ။မမြင်ယောင်ဆောင်ပြီး ဒီအတိုင်းကျော်လိုက်ရမှာလား။အရှုပ်ထုပ်အကြောင်းသာပြောမယ်ဆို တစ်စုံတစ်ယောက်ကိုတော့မမီှပါဘူးလေ။ကိုယ်ကြားမိသလောက်တော့ မစ္စကျန်းကချန်လို့အမည်ရတဲ့သရုပ်ဆောင်နဲ့တွဲနေတယ်လို့သတင်းရတယ်တဲ့။အရင်ပတ်ကတော့ ဝမ်ဆိုတဲ့တစ်ယောက်နဲ့တဲ့။အရင်လကတော့..."

"ရပ်တော့၊ရပ်တော့၊ရပ်တော့" ရှန်းဝေအလောတကြီးတားလိုက်ရတယ်။

"ကျွန်မက စွပ်စွဲခံရတာပါနော်။ပွဲတစ်ခုအတူတက်ပြီး တစ်ယောက်နဲ့တစ်ယောက်ကြည့်မိရုံလေးပါ။ရလဒ်ကတော့ သတင်းမှားလွှင့်ချင်သူတွေ အတွက် အခွင့်အရေးရသွားတာလေ။ သူတို့တွေလိုချင်တာက ဒီသတင်းထွက်ပြီး ရှင်ပစ်ခံရပြီဆိုတဲ့သတင်းရဖို့လေ။ကျွန်မဘာများလုပ်နိုင်

မှာမိုလို့လဲ?"

ဒီအကြောင်းပြောရင်း ရှန်းဝေဒေါသတွေပိုပိုထွက်လာတော့တယ်။သူမပွဲစထွက်တဲ့လွန်ခဲ့တဲ့သုံးနှစ်ကစပြီး သူမနဲ့ကျန်းမူဟန် လက်ထပ်တဲ့သတင်းပေါက်ကြားသွားကတည်းက သူမရဲ့မကောင်းသတင်းတွေထွက်လာတာရပ်တယ်လို့ကိုမရှိဘူး။ နောက်ကွယ်ကဘယ်သူရှိနေလဲ သူမခုထိမသိရသေးဘူး။ ဒီအနုပညာအသိုင်းအဝိုင်းက လူပေါင်းစုံနဲ့ရောထွေးနေတာကြောင့်လည်း ဒီကိစ္စနောက်ကွယ်ကလူကိုအရိပ်အယောင်ကိုဖမ်းလို့မရခဲ့ဘူး။

"မင်းသာမကြည့်ရင် ဘယ်လိုလုပ်အရိုက်ခံရမလဲ?"ကျန်းမူဟန်အသံကအေးစက်စက်နိုက်ကာ၊အချည်နှံနဲ့လည်းတူသလို အချည်နှံနဲ့လည်းမတူတဲ့ပုံစံမျိုး။ဘာကတကယ့်အဓိပ္ပာယ်ဆိုတာမသိနိုင်တဲ့အသံမျိုး။

ရှန်းဝေ ယုံကြည်ချက်မရှိစွာသူ့ကိုကြည့်ပြီး

"ကျွန်မဘယ်လိုလုပ်မကြည့်ပဲနေရမှာလဲ?

ဂိမ်းကစားပြီး ရိုက်ကူးရေးလုပ်နေနိုင် ဘယ်လိုလုပ်ထိန်းချုပ်လို့ရမလဲ?"

ဒီစကားဝိုင်းကိုထိန်းချုပ်သူက သူမဖြစ်ရမယ့်ဟာ အခုတော့ ကျန်းမူဟန်လက်ထဲရောက်သွားတော့တယ်။ရှန်းဝေ စိတ်ဓာတ်ကျလာတော့တယ်။

မဟုတ်သေးဘူး။ဒီဟာကိုသူမပြန်ထိန်းချုပ်ရမယ်။

မျက်လုံးတွေဝိုင်းပြီးတောက်ပလာကာ၊စားမပြီးသေးတဲ့ကိတ်အား ဘူးထဲပြန်ထည့်လိုက်တယ်။ထို့နောက်သူမ ကားခုံပေါ်ကထကာ ကျန်းမူဟန်ပေါင်ပေါ်ရွှေ့ထိုင်လိုက်တယ်။

ရုတ်တရက်ဖြစ်သွားတာကြောင့် ကျန်းမူဟန်မှာသတိလွတ်သွားပြီး ရှန်းဝေရဲ့နောက်ကျောကိုကာဖို့လက်ဆန့်ထုတ်လိုက်တယ်။လက်နောက်
တစ်ဖက်ကခါးကိုဖက်ကိုင်ကာ သူ့မျက်လုံးတွေကတော့ပိုမည်းမှောင်လာ

တယ်။

"မင်းဘာလုပ်ချင်နေတာလဲ?"

ရှန်းဝေ သူ့ပေါင်ပေါ်ထိုင်လိုက်တော့ ကျန်းမူဟန်ထက် ခေါင်းတစ်လုံးစာ အရပ်ရှည်သွားတယ်။ကျန်းမူဟန် မျက်နှာကိုသူမငုံ့ကြည့်ကာ

အကုန်လုံးကသူမထိန်းချုပ်မှုထဲရှိနေသကဲ့လို့ပြောလိုက်တယ်။

"ကျွန်မဘာလုပ်ရမှာလဲ?သေချာပေါက် ရှင့်ကိုစစ်ဆေးမလို့လေ"

အမျိုးသမီးက သူမရဲ့လှပတဲ့လက်တစ်စုံနဲ့ အမျိုးသားရဲ့နက်ခတိုင်ကိုကိုင်ကာ ဆွဲဆောင်မှုရှိသောလေသံဖြင့်

"ဆုယင်းနဲ့ အတူတူကော်ဇော်နီမှာလျှောက်ရတာ ရှင်ပျော်ခဲ့ရဲ့လာ"

ဒီလိုအပြုအမူကဘာကိုသရုပ်ဖော်မှန်း သူမမသိသလိုမျိုးဆက်လက်ပြုမူနေတယ်။သူမရဲ့ကိုယ်နေကိုယ်ဟန်ကြောင့် ဆံပင်ရှည်ရှည်တွေဟာ ကပိုးကယိုးကျနေပြီး၊အချို့ဆံပင်စလေးတွေကသူမပါးနားကပ်နေတယ်။ လိမ္မော်ရောင်လမ်းမီးနဲ့ အရောင်အသွေးစုံလှတဲ့အလင်းရောင်တွေပေါင်းကာ သူမပေါ်ထိုးကျနေတာက အိပ်မက်ဆန်သလိုထင်စေရတယ်။

တစ်ချိန်ထဲမှာပဲ ကျန်းမူဟန်အကြည့်တွေလောင်ကျွမ်းသလိုပြောင်းလာကာ သူ့လည်စေ့ကလည်း အထက်အောက်လှုပ်ရှားနေပြီး ပတ်ဝန်းကျင်းကလည်းပူလောင်လာတယ်။

"ရှန်းဝေ ခုံပေါ်ပြောင်းထိုင်"

"ဟင့်အင်း!" အန္တရာယ်ကရောက်လာပြီဆိုတာကို ရှန်းဝေမသိဘူး။နက်ခတိုင်ကြိုးကိုလိမ်ကာကစားရင်း အမျိုးသားရဲ့မျက်နှာချောချောအားကြည့်ကာ

"ဘာလဲ?အပြစ်ရှိစိတ်ခံစားပြီး ကျွန်မမေးတာမဖြေရဲတော့ဘူးလား?ဒါဆို

ကျွန်မမေးခွန်းပြောင်းမေးပေးမယ်လေ ဒီနေ့ညဆုယင်းဝတ်တဲ့ဝတ်စုံအရောင်ကဘာလဲ?"

ရှန်းဝေရဲ့ ခါးကိုဖက်ထားတဲ့လက်တွေကိုပိုအားထည့်လိုက်ပြီး ကျန်းမူဟန်ရဲ့မျက်လုံးတွေက အမျိုးသမီးရဲ့ ပိတ်လိုက်ဖွင့်လိုက်လုပ်တဲ့ နီစိုစိုနှုတ်ခမ်းဆီအကြည့်ရောက်သွားကာ

"ဘာကိစ္စကြောင့်များလဲ?မစ္စကျန်း သဝန်တိုလို့များလား"

"ဒါပေါ့ ကျွန်မအရမ်းကိုသဝန်တိုနေတာလေ"

ရှန်းဝေဘာမှမတွေးပဲဖြေလိုက်တယ်။ဂရုတစိုက်သာနားမထောင်ကြည့်ရင်တော့ သူမသဝန်တိုနေတယ်လို့မင်းထင်သွားနိုင်တယ်။ဒါပေမယ့်သူမမျက်လုံးတွေနဲ့အပြုံးကတော့ ဘာမှမခံစားရသလိုပါပဲ။

ကျန်းမူဟန် သူမခါးကိုသူ့အနီးဆွဲယူကာ သူ့မျက်နှာကလည်း သူမရဲ့သေးသွယ်ဖြူဖွေးလှပတဲ့လည်းပင်းနားကပ်ကာ

"ဒါဆို မစ္စကျန်းတကယ်ပဲ အချည်နံ့ထွက်နေလား ကိုယ်စမ်းကြည့်မယ်လေ"

ကျန်းမူဟန်ရဲ့ အသက်ရှူသံပြင်းပြင်းက ရှန်းဝေလည်းပင်းနားကပ်နေကာ ရှန်းဝေရဲ့ခန္ဓာကိုယ်လည်းတုန်သွားရင်း

"ယားတယ်..."

သူမ ကျန်းမူဟန်ကို အသာအယာတွန်းဖယ်ဖို့ပြင်လိုက်ပေမယ့် သူမရဲ့လည်းပင်းက သူ့ရဲ့နှားခေါင်းထိပ်အား အသာအယာပွတ်မိသလိုဖြစ်သွားလိုက်တယ်။ရှန်းဝေမမြင်နိုင်တဲ့ မျက်လုံးတစ်စုံက ပူပြင်းတဲ့ဆန္ဒတွေနဲ့ပြည့်လာတယ်။

ကျန်းမူဟန် သူ့မျက်လုံးတွေကိုပိတ်ကာ ယောက်ယက်ခပ်နေတဲ့သူ့စိတ်

တွေကိုဖိနှိပ်လိုက်ကာ အခြားနေရာအတွေးပြောင်းဖို့ပြင်လိုက်တယ်။

"ဒီနေ့ဘာရေမွှေးစွတ်ခဲ့တာလဲ?"

ကျန်းမူဟာန်ကိုမတွန်းနိုင်တာ ရှန်းဝေလက်ခံလိုက်ရတော့ သူမစိတ်ဆိုးဆိုးနဲ့ဖြေလိုက်တယ်။

"နတ်ဘုရားခြောက်ပါး"

ဘယ်သောအခါမှရေမွှေးမစွတ်ဖူးတဲ့ ကျန်းမူဟာန် ဒီအမိပ္ပာယ်ကိုနားမလည်လိုက်ပါဘူးလေ။သူထင်တာ ဒါကရေမွှေးတံဆိပ်ရဲ့နာမည်လို့ပေါ့။

"အနံ့ကောင်းတယ်။ကိုယ်မင်းအတွက်နောက်တစ်ခါဝယ်ပေးမယ်။"

"ဖူး" ရှန်းဝေတစ်ယောက်ရယ်ချင်လာပါတော့တယ်။ ကျန်းမူဟာန် သူအလှောင်ခံလိုက်ရတယ်လို့ခံစားလိုက်ရတယ်။ရှန်းဝေကိုကြည့်ကာ

"မင်းဘာကိုရယ်နေတာလဲ?"

ရှန်းဝေ သူမနှုတ်ခမ်းတွေကိုမရယ်တော့အောင်တင်းတင်းစေ့လိုက်ပေမယ့် သူမမထိန်းနိုင်ပဲရယ်ချလိုက်ကာ

"ဟင့်အင်း၊ဘာမှမဟုတ်ပါဘူး။ကျွန်မအတွက်နောက်တစ်ခါဝယ်ပေးပေါ့"

ကျန်းမူဟာန် သူ့မျက်လုံးတွေကျဉ်းမြောင်းကာ

"ရှန်းဝေ မှန်မှန်ကန်ကန်ဖြေ"

"ကျွန်မ အမှန်ပြောနေတာပါ။ဘာကိုမှမရယ်ပါဘူးနော်။"ကျန်းမူဟာန်ကိုတကယ်ထင်သွားအောင် သူမစိတ်ဆိုးချင်ယောင်ဆောင်ပြီး

"ကျွန်မရယ်တာဘာဖြစ်လို့လဲ?မစ္စတာကျန်းက သူ့ဇနီးရယ်တာတောင်မရယ်အောင်တားနေတယ်ပေါ့"

သူမပြောပြီးတာနဲ့ သူမမျက်နှာအား ကျန်းမူဟာန်အနီးကပ်ကာ

"ကျွန်မမှာ ကျွန်မယောက်ျားရှေ့တောင်မရယ်ရဘူးတဲ့။သနားစရာကောင်းတဲ့ငါပါလား။အူး ဝူး ဒီကမ္ဘာမှာ ငါ့ထက်သနားစရာကောင်းတဲ့မိန်းကလေးကောရှိသေးရဲ့လားမသိဘူး?ဘာကြောင့်ငါဒီလောက်အဖြစ်ဆိုးရပါလိမ့်..."

ပြောရင်းပြောရင်း သူမစိတ်အားတက်ကြွလာကာ ပိုပိုဝမ်းနည်းလာမိတော့တယ်။ မကြားချင်ယောင်ဆောင်ပြီး ငြိမ်နေကြတဲ့ကားမောင်းသူနဲ့လီရှောင်းဟွေတို့ မထိန်းနိုင်ကာရယ်မိကြတော့တယ်။

ရေခဲတုံးကျန်းမူဟန်တောင် ပြုံးလိုက်မိတယ်။သူ့ခေါင်းကိုခါယမ်းကာ သူမရဲ့ပါးအားဖွဖွဖိကာ

"မစ္စကျန်းက တကယ်သစ်စသရုပ်ဆောင်ဆုရဖို့တကယ်ထိုက်တန်တာပဲ။ဒီသရုပ်ဆောင်တဲ့အရည်အချင်းကတကယ်ကိုတော်ပါပေတယ်"

"မစ္စတာကျန်းလောက်တော့မတော်ပါဘူး"ကျန်းမူဟန်ယုံကာ ဆက်မပြောတော့တာမြင်တော့ ရှန်းဝေဆက်ပြီးသရုပ်ဆောင်မနေတော့ဘူး။သူမရဲ့တောက်ပတဲ့မျက်နှာလေးက ခဏအတွင်းညှိုးလာလိုက်တောက်ပလာလိုက်ပြောင်းလဲနိုင်တယ်။သူမရဲ့မျက်လုံးတွေကတော့ရယ်မောမှုအပြည့်ဖြင့်။

ကျန်းမူဟန်ရဲ့ဖိနှိပ်ထားတဲ့ဆန္ဒတွေလည်း ပြန်ပေါ်လာခဲ့တယ်။ကံကောင်းစွာနဲ့အခုတော့အိမ်ရောက်လာခဲ့ပြီ။

ရှန်ဝေက ကျန်းမူဟန်ပေါင်းပေါ်ထိုင်နေတုန်းပဲ။ကား ဗီလာရှေ့ဝင်လာတာကိုသူမကြည့်ကာ၊ကျန်းမူဟန်လည်းပင်းကိုဖက်ပြီး အမိန့်ပေးလိုက်တယ်။

"လမ်းမလျှောက်နိုင်တော့ဘူး။ကျွန်မကိုသယ်သွားပေး"

တွက်ချက်နေတဲ့အမျိုးသားကလည်းပျော်ပျော်ကြီးလက်ခံလိုက်တယ်။ဒါ

ပေမယ့် မကြိုက်သလိုပြန်ပြောလိုက်တယ်။

"အပျင်းကြီးနေတာပဲ။"

"ဘာသိလို့လဲ၊လူအိုကြီး?ဒီမှာတစ်ချိန်လုံးဒေါက်မြင့်ဖိနပ်စီးရတာကြောင့် ပင်ပန်းနေပြီ"ကျန်းမူဟန် သူမကိုမချီသွားဘူးထင်တာကြောင့် ရှန်းဝေ သူ့လည်ပင်းကိုတင်းတင်းဖက်လိုက်တယ်။

ကျန်းမူဟန်မျက်လုံးတွေက ကြောက်စရာကောင်းအောင်ကိုနက်မှောင်းနေတယ်။မိန်းမပျိုရဲ့ခါးကိုဖက်ကာ သူမခေါင်းကိုလက်ကာရင်း ကားမှသတိထားထွက်လာလိုက်တယ်။ထို့နောက်

"ဒီလောက်နုနယ်တာ ဘယ်အမျိုးသားကများမင်းကိုသည်းခံနိုင်ပါလိမ့်?"

"ရှင်သည်းခံရမှာလေ"ကားမှထွက်လာပြီးနောက် ရှန်းဝေသူမခြေထောက်တွေကို သက်တောင့်သက်သာအနေအထားပြောင်းရင်း ကျန်းမူဟန်ခါးတစ်ဝိုက် ကလေးတစ်ယောက်လိုလှုပ်ကစားကာ"ကျွန်မကအရမ်းချောတာလေ။ဘယ်အမျိုးသားမဆိုအလိုလိုက်ချင်မှာပဲ။ဘာမှားနေလို့လဲ?မစ္စတာကျန်း သည်းမခံနိုင်တော့ဘူးလား?ဒါဆိုလည်း ထားလိုက်ရအောင်။ဘာပဲဖြစ်ဖြစ် လူတိုင်းကမကြာခင်ကျွန်မတို့ကွာရှင်းမှာပြောနေကြတာပဲ။"

"ကွာရှင်းဖို့အကြောင်း စဉ်းတောင်မစဉ်းစားနဲ့"

ကျန်းမူဟန်က သူ့ဇနီးကိုအရမ်းချစ်ကာ သူမနဲ့မခွဲနိုင်တဲ့အတိုင်းပြောလိုက်တယ်။ရှန်းဝေက စိတ်ကြီးဝင်စွာသူ့ကိုကြည့်ရင်း

"ယို၊မစ္စတာကျန်း ကျွန်မကိုအရမ်းချစ်ပြီး ကျွန်မနဲ့ခွဲရမှာအဲ့လောက်တောင်မကြိုက်တာလား"

ရှန်းဝေနဲ့ ကျန်းမူသန်က သူတို့မိဘတွေရဲ့အတင်းတွန်းအားပေးမှုကြောင့် လက်ထပ်လိုက်ရတဲ့ စီးပွားရေးလက်ထပ်မှုသာဖြစ်တယ်။သူတို့အချင်းချင်း

တစ်ယောက်မျက်နှာတစ်ယောက်သဘောကျကျပေမယ့် ချစ်တယ်ဆိုတာကြတော့မဟုတ်ကြပါဘူး။သူတို့က တရားဝင်လိင်ဆက်ဆံတဲ့သူငယ်ချင်းဆက်ဆံရေးလိုမျိုးပါ။သူတို့က အချစ်အကြောင်းမပြောကြပဲ လိုအင်ဆန္ဒအကြောင်းပဲပြောကြတယ်။

သို့သော်ငြားလည်း ကျန်းမှူဟန်က ရှန်းဝေအပေါ်အရမ်းကောင်းပေးတယ်။ သူမလိုအပ်ချက်တွေအားလုံးရတာများတယ်။တစ်ခါတစ်လေရှန်းဝေတွေးမိတယ်။ကျန်းမှူဟန်သူမကိုသဘောကျတယ်ထင်တယ်လို့ပေ့ါ။

အခုလိုမျိုးပေ့ါ သူ သူမကိုနည်းနည်း နည်းနည်းလောက်ဖြစ်ဖြစ်တော့သဘောကျတယ်ထင်တယ်။

ရှန်းဝေ ဒီအကြောင်းကိုမျှော်လင့်နေမိတယ်။

သူမဒီအကြောင်းတွေးလို့ပြီးခါနီးဆဲဆဲမှာပဲ သူအေးစက်စက်နဲ့ပြောချလိုက်တာကတော့

"မစ္စကျန်းက အခုထိလှတုန်းနုတုန်းလေ။ကိုယ်ဘာလို့များကွာရှင်းရမှာလဲ?"

ရှန်းဝေ"..."

ဒီချီးထုပ်အိုကြီး

သူ သူမရဲ့ခန္ဓာကိုယ်အချိုးအစားနဲ့မျက်နှာပဲသဘောကျတာသေချာနေတာပေ့ါ။

သူမသာအိုလာရင် သူသေချာပေါက်စွန့်ပစ်မှာအသေအချာပဲ၊ဟုတ်တယ်မလား?

မကောင်းတဲ့သူ

ဟမ်!

သူမလည်း သူ့လိုမကောင်းတဲ့သူဖြစ်ရမယ်။

ရှန်းဝေ ကျန်းမူဟန်ရဲ့ မေးကိုပိုင်ပိုင်နိုင်နိုင်မော့ကာ သူမရဲ့လက်ချောင်းလေးများနဲ့ဆော့ကစားရင်း

"မစ္စတာကျန်း မျက်နှာလည်းတကယ်ကိုချောတာပဲ။အခြားအမျိုးသမီးတွေကိုပေးရမှာတကယ်နှမြောစရာပဲ။ အခုအဝပျော်ထားပြီး အိုလာတာနဲ့ကန်ထုတ်ပစ်ရမယ်"

ကျန်းမူဟန် ပြုံးနေကာ ရှန်းဝေပြောတာတွေကိုအရေးစိုက်မနေဘူး။သူသူမကိုချီကာ သူတို့အိပ်ခန်းရှိတဲ့ ဒုတိယထပ်ကိုတက်လာလိုက်တယ်။

အိမ်မှာ အိမ်အလုပ်ကူလုပ်ပေးဖို့ဘယ်သူမှမရှိဘူး။ပထမထပ်မှာနေတဲ့သူဘယ်သူမှမရှိပေမယ့် ၂ဦးလုံးဟာ ဘယ်တော့မှပထမထပ်မှမနေကြဘူး။သူတို့အိပ်ခန်းကိုရောက်တာနဲ့ တံခါးကိုလော့ချလိုက်တယ်။

တံခါးလော့ချပြီးတာနဲ့ ကျန်းမူဟန် သူ့ကိုယ်သူထိန်းချုပ်မနေတော့ဘူး။ သူ သူမနှုတ်ခမ်းကိုနမ်းဖို့တိုးလာလိုက်တယ်။

ရှန်းဝေ တံခါးကိုမှီကာအနမ်းခံနေရတာကြောင့်သက်တောင့်သက်သာမရှိလှဘူး။သူ့ကိုတွန်းဖို့ပြင်လိုက်ပေမယ့် သူမလက်နှစ်ဖက်လုံးထိန်းချုပ်ခံလိုက်ရပြီး ခေါင်းပေါ်မြှောက်ထားလိုက်ရတယ်။

သူမမေးလည်းမော့ထားလိုက်ရကာ သူ့ရဲ့ဆန္ဒတွေအားလုံးလက်ခံလိုက်ရတယ်။

ရှန်းဝေ ကြောင်လေးလိုအသံထွက်လာပေမယ့် သူမမလှုပ်ရှားနိုင်တော့ဘူး။သူမလျှာနဲ့တွန်းဖို့လုပ်ပေမယ့် ရလာဒ်ကတော့ သူကနက်ရှိုင်းတဲ့အနမ်းနဲ့တုံ့ပြန်လာတယ်။

ဘယ်လောက်ကြာသွားလည်းမသိနိုင်တဲ့အချိန်မှာပဲ ရှန်းဝေရှိုက်ကာ

"ကျွန်မမိတ်ကပ်ဖျက်ပြီးတဲ့အထိခဏစောင့်ပေး မဟုတ်ရင် ရှင်နဲ့မလုပ်ဘူး"

အမျိုးသားရဲ့အသံကသြရှရှနိုင်ကာ အလိုလိုက်မှုအပြည့်ဖြင့်

"ဉာဏ်များတယ်"

***

နှင်းတွေကျဆင်းပြီးအလွန်မှာတော့ နေရောင်ခြည်ဟာ ပြတင်းပေါက်မှဖြတ်ကာ အခန်းထဲဖြာဆင်းလာပါတယ်။ကြမ်းပြင်က ကုတင်ပေါ်က အမျိုးသားနဲ့အမျိုးသမီးတို့ရဲ့အဝတ်စားတွေနဲ့ရှုပ်ပွနေတယ်။

မနေ့ညကဝတ်ရတဲ့ဝတ်စုံနဲ့ အံဝင်ခွင်ကျဖြစ်လို့ ရှန်းဝေမနေ့ကဘာမှမစားရဘူး။ပွဲပြီးတဲ့အခါမှာလည်း ကျန်းမူဟန် ဝယ်လာတဲ့ ကိတ်ရဲ့အနည်းငယ်ကိုသာ သူမစားခဲ့ရတယ်။ဒါကြောင့် ညကတိုက်ပွဲအပြီးမှာတော့ ရှန်းဝေကဆာလောင်စာနဲ့နိုးလာခဲ့တယ်။

သူမရဲ့မျက်တောင်ခပ်လိုက်တိုင်း ကျန်းမူဟန်ရဲ့တောင့်တင်းတဲ့ရင်အုပ်မှာကုပ်ရာကိုက်ရာတွေနဲ့ပြည့်နေတာကိုမြင်ရလိမ့်မယ်။တစ်ချက်ကြည့်ရုံနဲ့တင် မနေ့ညကတိုက်ပွဲကဘယ်လောက်ပြင်းထန်လည်းဆိုတာသိနိုင်လိမ့်မယ်။

ရှန်းဝေရဲ့မျက်နှာဖွေးဖွေးလေးကနီရဲလာတယ်။ဒီလိုအချိန်ကျမှပဲ သူမကိုယ်သူမ လက်ထပ်ထားတဲ့အမျိုးသမီးတစ်ယောက်လိုခံစားရစေတယ်။သူမမျက်လုံးအကြည့်တွေကို အမျိုးသားရဲ့ညှပ်ရိုးတစ်လျှောက်နား ရွှေ့လိုက်တယ်။သူ့ရဲ့လည်စေ့၊အချိုးအစားကျတဲ့မေးရိုး၊သူ့ရဲ့နှုတ်ခမ်းပါးတစ်စုံနဲ့နှာတံစင်းစင်း၊ဒီအမျိုးသားမျက်နှာရဲ့တစ်နေရာချင်းစီက တကယ်ကိုရင်သပ်ရှုမောစရာကောင်းတယ်။

ကမ္ဘာမှာ ဒီလောက်တောင် ချောတဲ့ယောကျ်ားဘယ်လိုလုပ်ရှိနိုင်ပါလိမ့်? ထိုနှစ်တွေတုန်းကသူမက စီးပွားရေးအရလက်ထပ်တာကို အတင်းကိုငြင်းဆန်ခဲ့တယ်၊ဒါပေမယ့် သူမမျက်လုံးနဲ့ ကျန်းမူဟန်ကိုမြင်လိုက်တဲ့

အချိန်မှာတော့ သူမသဘောတူခဲ့တယ်။

ဒီအမျိုးသားက တကယ်ကိုတဏှာစိတ်ပြင်းထန်လွန်းတယ်။

ဂလူး ဂလူး

ရှန်းဝေသူ့ဗိုက်ကာကာကား အိပ်ကောင်းနေသေးတဲ့အမျိုးသားကိုကြည့်မိတော့ စိတ်ဆိုးမိတယ်။

ဟမ်!

သူကသတိတောင်မထားမိဘူး။စားပြီးတာနဲ့ ဘာမှကိုသတိမရတော့ဘူးဟွန့်။

ကျန်းမူဟန်ရဲ့ ရင်ဘက်ကနာလာတဲ့အချိန် သူ့မှာအိပ်ကောင်းနေတုန်းပါပဲ။သူမျက်လုံးဖွင့်ကာ ရှန်းဝေရဲ့မေးစေ့ကိုဖိရင်း

"ထရအောင်။ဒီသုံးလလုံး မင်းအတွက်ပဲမင်းတွေးပြီး နေနေခဲ့တာလား?"

ရှန်းဝေ သူနိုးလာတော့မြင်တော့ ကိုက်ထားတာလွှတ်ပေးလိုက်တယ်။ သူမမေးကိုမော့ကာ

"အခုမှထပြီးချက်ပြုတ်မပေးဘူးဆိုရင် ငါဗိုက်ဆာပြီးသေလိမ့်မယ်"

ညကနမ်းတာကြမ်းသွားတာကြောင့် ရှန်းဝေရဲ့နှုတ်ခမ်းက ယခုယောင်ကိုင်းကာနီရဲနေတယ်။

နီစိုစိုနဲ့ အကြမ်းပတမ်းမခံနိုင်တာက သူမရဲ့နာမည်အတိုင်းပဲ။မြူတွေကြားကပွင့်နေတဲ့နှင်းဆီနီနီနဲ့တူကာ အရမ်းဆွဲဆောင်မှုရှိလွန်းတာကြောင့် ကျန်းမူဟန် သူမနှုတ်ခမ်းတစ်ဝိုက် ဖွဖွလေးနမ်းလိုက်မိတယ်။

"ပွဲတက်ဝတ်စုံဝတ်ရမယ့်အချိန်တိုင်း မစားသောက်ဖို့ မင်းကိုဘယ်သူကညွှန်ကြားထားလို့လဲ?"

"ရှင့်လို ယောကျ်ားကြီးက ဘယ်လိုလုပ်သိနိုင်မလဲ?ဆုပေးပွဲဆိုတာက

သရုပ်ဆောင်အမျိုးသမီးတိုင်း လှနေဖို့လိုတယ်။စားတာများသွားရင် ဝတ်စုံနဲ့ကြည့်မလှတော့ဘူး။ သတင်းထောက်ဆီမှာသာ အဲ့လိုဓာတ်ပုံအရိုက်ခံရမယ်ဆိုရင် နောက်နေ့အပြင်ထွက်ရဲ့ပါတော့မလား?"

"ကိုယ်ကဘယ်လိုလုပ်ပြီး မစ္စကျန်းကိုအဆာခံခိုင်းရဲပ့ါမလဲ?မစ္စကျန်းက အိမ်ရဲ့ဘုရင်မပဲကို"ကျန်းမူဟန် စနောက်ဟန်နဲ့ပြောကာ ထလိုက်တယ်။သူ့အဝတ်စားရှာမတွေ့တာကြောင့် ဒီအတိုင်းအိပ်ရာကထွက်လာလိုက်တယ်။

ရှန်းဝေ မျက်လုံးက တစ်နေရာရာအကြည့်ရောက်သွားမိတယ်။သူမရှက်သွေးဖြာလာကာ သူမမျက်နှာတစ်ဝက်အား စောင်အောက်ဖွက်လိုက်တယ်။ ကျန်းမူဟန် လှည့်ကြည့်ချိန် ထိုသည်ကိုမြင်လိုက်တာကြောင့် သူက

"မျက်နှာတစ်ဝက်ဖွက်ရတဲ့အထိ ဘာရှက်စရာများရှိလို့လဲ?မင်းကြည့်ချင်ဘယ်အချိန်မဆိုကြည့်လို့ကတာပဲ"

"ဒီမျက်နှာကိုနေ့တိုင်းမြင်နေရတာ ဘာကြည့်ကောင်းတာများရှိလို့လဲကြည့်ရအောင်ဆိုတာကလဲ!"ရှန်းဝေ ကျန်းမူဟန်ရဲ့ခေါင်းအုံးအား သူ့ဆီပစ်ထုတ်လိုက်တယ်။ကျန်းမူဟန် ခေါင်းအုံးကိုအသာအယာဖမ်းယူလိုက်တယ်။

"အမြန်ထပြီး ချက်ပြုတ်ပြင်ဆင်တော့။ပြီးတာနဲ့ ဒီကိုခစားဖို့ပြင်တော့"

"ဒီနှမ့်ကျသူ အမိန့်နာခံပ့ါမယ်"ကျန်းမူဟန် ရိုကျိုးစွာပြောလိုက်ပေမယ့်သူ့အမူအယာကတော့သိပ်မပြောင်းလဲသွားဘူး။သူအိပ်ရာကထပြီဆိုတာနဲ့ သူ့မျက်နှာပေါ်ကအေးစက်စက်နိုင်တာကပုံမန်ထက်လျော့ကျလာတယ်။

လင်မယားနှစ်ယောက်လုံးသရုပ်ဆောင်ဖြစ်နေရတာရဲ့ကောင်းတဲ့အချက်ထဲမှာ သူတို့နှစ်ဦးဟာ role playingလုပ်ကြတာပဲဖြစ်တယ်။ရှန်းဝေကများသောအားဖြင့် ဘုရင်မအနေဖြင့်သရုပ်ဆောင်ပြီး ကျန်းမူဟန်က ကုန်း

ကုန်းအနေနဲ့သရုပ်ဆောင်တာဖြစ်တယ်။

ရှန်းဝေရဲ့စကားအရ "ဒီဘုရင်မ မင်းကိုမြှောက်စားချီးမြှင့်မယ်"ဖြစ်တယ်။

နေ့လယ်မရောက်မချင်း အိမ်အကူဝန်ထမ်းများလာရောက်ကြမည်မဟုတ်ပေ။ဒါကြောင့် အိမ်မှာ ၂ယောက်ပဲရှိနေချိန်များသည်။ကျန်းမူဟန်က ချက်ပြုတ်ပန်းကန်ဆေးတာတာဝန်ယူတာဖြစ်သည်။ ဒါကလည်း သူ့အိမ်မှာ အခြားတစ်စိမ်းရှိနေတာမကြိုက်တာကြောင့်ဖြစ်တယ်။ဒါကြောင့်လည်း သူ အလုပ်လုပ်ရခြင်းဖြစ်တယ်။

ကျန်းမူဟန်က ကိုယ့်အားကိုကိုးကားကြီးပြင်းလာရခြင်းဖြစ်တယ်။သူ လုပ်နိုင်တဲ့အရာတွေကို အခြားသူအပေါ်မှီခိုတာမျိုးသူမလုပ်ချင်ဘူး။

အခြားမူလတန်းအရွယ်တွေ သူ့အမေမှသူ့အမေဖြစ်နေချိန်၊ကျန်းမူဟန်ကတော့ သူစားသောက်ဖို့ ခေါက်ဆွဲတစ်ပွဲ ချက်ပြုတ်ပြင်ဆင်တတ်နေပြီဖြစ်တယ်။

ရှန်းဝေ စိတ်အေးသက်သက်သာသာ၊ပျော်ပျော်ရွှင်ရွှင်နဲ့ ခေါက်ဆွဲကိုစားလိုက်တယ်။

"အရမ်းအရသာရှိတာပဲ။ဒီလိုအချိန်တိုင်း ရှင်ကကမ္ဘာ့အကောင်းဆုံးခင်ပွန်းပဲ"

သူမ ထိုင်ခုံပေါ်မှီကာ ဘေးမှကျန်းမူဟန်ကိုကြည့်ကာ ပြုံးလိုက်တယ်။

ယခုထိစားနေတုန်းဖြစ်တဲ့ အမျိုးသားက မျက်ခုံးပင့်ကာသူမကိုပြန်ကြည့်လာတယ်။သူမက ပန်းရောင်ရှိတဲ့သက်တောင့်သက်သာရှိတဲ့ အိမ်နေရင်းဝတ်စုံဝတ်ထားတယ်။ဒါက ဖြူစင်းပြီးသန့်ရှင်းစင်ကြယ်တာက သူမနာမည်ကြီးလာတဲ့ မိုးခိုတုန်းကအဖြူရောင်ဝတ်စုံဝတ်ဆင်ထားတဲ့မိန်းကလေးကိုပြန်မြင်ရသလိုပဲ။

ကျန်းမူဟာန် သူ့အတွေးတွေကိုမျက်လွှာချဖုံကွယ်ကာ ရှန်းဝေရဲ့ နူတ်ခမ်းတစ်ဝိုက်ပေနေတဲ့ ဆီကိုသုတ်ပေးလိုက်တယ်။

"မင်းစားသောက်ပုံကိုကြည့်ပါဦး။ဒါသာ အင်တာနက်ပေါ်ရောက်ရင် သေချာပေါက် မင်းအမည်းဖန်တွေတော့ ပွဲဆူပြီပဲ"

"လုပ်ရဲလုပ်ကြည့်လေ"ရှန်းဝေမျက်လုံးတွေ ဒေါသကြောင့်တောက်ပလာတယ်။သူမက ကျားသစ်တစ်ကောင် သွေးဆူလာသကဲ့သို့

"အဲ့အချိန်ကျရင် ရှင့်ကိုအသေကိုက်ပစ်မယ်!"

"မင်းသဘောပဲ"သူ သူမကိုအထက်အောက်ကြည့်လိုက်တယ်။ရှန်းတေဒေါသပိုတိုးလာကာ သူ့အပေါ်ခုံအုပ်လိုက်တယ်။

ကျန်းမူဟာန်ရှေ့ သူစားဖို့ခေါက်ဆွဲတစ်ဝက်တောင်ကျန်နေသေးတယ်၊သူ့လက်ထဲလည်း တူကိုင်ထားသေးတယ်။အဆုံးမှာတော့ သူမ

ပျော့ခွေသွားအောင်မရှိအောင်နမ်းချလိုက်တယ်။သူမမျက်နှာ ရောင်နီသန်းလာချိန် ဆိုဖာပေါ်လှဲတင်လိုက်တယ်။

ဆိုဖာပေါ်လဲနေတယ့် ရှန်းဝေ တစ်ခုခုကိုသတိရလိုက်တယ်။ဆိုဖာနောက်ကျောမှီကိုဆွဲကာထလိုက်ပြီး သူမခေါင်းလေးထုတ်ကာ မီးဖိုခန်းထဲပန်းကန်ဆေးနေတဲ့ ကျန်းမူဟာန်ကိုကြည့်လိုက်တယ်။

"ယောက်ျား ကျွန်မဆုဘယ်မလဲ?"

ညက သူတို့နှစ်ယောက်တစ်ညလုံးတိုက်ပွဲဆင်နွှဲနေတာကြောင့် သူမ ကားပေါ်မှဆုယူခဲ့ရန်မေ့သွားခဲ့တယ်။ကားဒါရိုက်ဘာက လီရှောင်းဟွေကိုလိုက်ပို့ဖို့ ညကထွက်သွားပြီလည်းဖြစ်တယ်။

"ဖိနပ်စင်ပေါ်မယ်" ကျန်းမူဟာန် နောက်မလှည့်ပဲဖြေလိုက်တယ်။ သူကချက်ပြုတ်ဖို့ပြင်ဆင်နေတာကြောင့် နေရာပြင်ထားဖို့ မလုပ်မိလိုက်ဘူး။

ရှန်းဝေ တံခါးနားကဖိနပ်စင်ကိုကြည့်လိုက်တယ့်အခါ တကယ်ပဲသူမရခဲ့တဲ့ဆုက အဲ့ပေါ်မှာရှိနေခဲ့တယ်။

သူမ ကြောင်နားရွက်ပုံစံအိမ်စီးဖိနပ်ကိုစီးကာ ထိုဟာကိုယူဖို့ ပြေးသွားလိုက်တယ်။ယူပြီး တစ်ချက်နမ်းလိုက်ကာ အိမ်မှာရှိတဲ့စာအုပ်စင်ပေါ်က ဆုတွေနားနေရာချဖို့ပြင်လိုက်တယ်။

အဲ့စင်ပေါ်မှာရှိတဲ့ ဆုလက်မှတ်တွေ ဆုတံဆိပ်တွေအကုန်လုံးဟာ ကျန်းမူဟန်ရထားတာတွေကြည့်ပဲ။သူမရထားတာက နည်းနည်းပဲရှိကာ သူမရွှေတံဆိပ်ကလည်း သူ့လောက်မကောင်းဘူး။

စိတ်တိုတယ်။သူမ သူ့ကိုဘယ်အချိန်မှ ကျော်နိုင်မှာလဲ?

"အဲ့မယ်ငေးပြီးဘာရပ်လုပ်နေတာလဲ? စင်ပေါ်နေရာချလိုက်လေ" ဘယ်အချိန်ကပန်းကန်ဆေးပြီး သူမနောက်ရောက်နေလည်းမသိ၊ ကျန်းမူဟန်လက်တွေက သူမရဲ့ခါးသွယ်သွယ်ဆီဖက်လာလိုက်တယ်။

ရှန်းဝေ သူ့ရဲ့ရင်ခွင်ထဲမှီကာ သူ့ကိုမော့ကြည့်လိုက်ရင်း

"ရှင်ဘာလို့ဒီလောက်တောင် တော်နေရတာလဲ?ဒီလိုသာဆို ကျွန်မဘယ်အချိန်မှ ရှင့်ကို ကျွန်မခြေထောက်အောက်နင်းခြေလို့ရမှာလဲ?

"ကိုယ်ကိုချနင်းဖို့ဘယ်တော့မှမစဉ်းစားနဲ့"

ကျန်းမူဟန် အနည်းငယ်ကိုယ်ကိုကိုင်းကာ သူမနားရွက်နား ဖွဖွလေးကပ်ကာ တိုးတိုးနဲ့ဖြေးဖြေးပြန်ဖြေလိုက်တယ်။

"မင်းကိုယ့်ခေါင်းပေါ် တက်စီးလို့ရတာပဲ"

ရှန်းဝေ"..."

သူမမျက်နှာ ရှက်သွေးဖြာလာကာ သူမနှလုံးခုံသံကလည်းတဖြည်းဖြည်းမြန်လာခဲ့တယ်။

သူမ ယားချင်ယောင်ဆောင်ကာ သူ့ရင်ခွင်ထဲမှထွက်လာတယ်။သူမ ဆုတံဆိပ်ကို ကျန်းမူဟန်ရဲ့ အကောင်းဆုံးရုပ်ရှင်ဘုရင်ဆု၃ဆုရဲ့အလယ်ထဲထားလိုက်တယ်။ထားပြီးတဲ့အခါ ကျန်းမူသန်ကိုကြည့်ကာ

"နောက်တစ်ခေါက် သေချာပေါက် ရုပ်ရှင်ဘုရင်မဆုရစေရမယ်"

ကျန်းမူဟန် ပုံမှန်အတိုင်းပဲပြန်ဖြေလိုက်တယ်။

"မင်းနောက်တစ်ခေါက်လုပ်နိုင်ပါတယ်"

ရှန်းဝေသူ့အဖြေကိုကြားတော့ နှုတ်ခမ်းဆူလိုက်မိတယ်။ သူမအပြစ်ရှာဖို့မေ့သွားကာ သူ့ကိုဖက်လိုက်တယ်။

"မစ္စတာကျန်း ရှင် ကျွန်မ မနေ့ညကမေးတဲ့ မေးခွန်းရဲ့အဖြေကို မဖြေရသေးဘူးထင်တယ်နော်။အခုဖြေ။ ဆုယင်းမနေ့ညကဝတ်တဲ့ပွဲတက်ဝတ်စုံရဲ့အရောင်ကဘာအရောင်လဲ?"

ကျန်းမူဟန် မျက်မှောင်ကြုပ်လိုက်ကာ ဘာကြောင့် သူမအိမ်မှာရှိချိန်တောင် အပြင်လူအကြောင်းမေးနေသေးလည်း နားမလည်နိုင်ဖြစ်နေတယ်။

"အခုထိမင်းအဲ့အကြောင်းပဲ မေးနေဦးမှာလား? မငြီးငွေ့ဘူးလား?"

"ကျွန်မမေးချင်မေးမှာပဲ။ ရှင်ဖြေမှာလားမဖြေဘူးလား!" ရှန်းဝေ သူမခါးထောက်လိုက်ကာ ဒီနေ့သူမ သူနဲ့မဆုံးနိုင်တဲ့ရန်ပွဲထဖြစ်မှဖြစ်မယ်။

ကျန်းမူဟန် မတတ်နိုင်စွာ နှုတ်ခမ်းတင်းတင်းစေ့လိုက်မိရင်း

"ကိုယ် ဒါကိုသတိမထားမိလိုက်ဘူး။သူဘာဝတ်လဲဆိုတာဘယ်သူဂရုစိုက်နေမှာလဲ?"

သူ့အသံက သာမန်ေလသံအတိုင်းပဲ။ယေဘုယျအနေနဲ့ပြောရရင် လူတိုင်းကသူ့ကို အေးစက်ကာ သူနဲ့စကားပြောဆိုဖို့မလွယ်ဘူးလို့ထင်ကြ

တယ်။ ဒါပေမယ့်ရှန်းဝေကတော့ကျေနပ်နေတုန်းပဲ။သူမထပ်မေးလိုက်တယ်။

"ဒါဆို ကျွန်မဘာရောင်ဝတ်တာလဲ?"

"အစိမ်းဖျော့ရောင်။ဝတ်စုံက လိပ်ပြာတွေနဲ့အလှဆင်ထားတယ်"ကျန်းမူဟန် သူမဖြေချင်တောင် ဖြေပေးလိုက်တယ်။

ရှန်းဝေရဲ့မျက်ဝန်းကြည်ကြည်လေးတွေဟာ အလင်းရောင်တောက်ပလာကာ သူမကိုယ်သူမ သူ့ရဲ့ရင်ခွင်ထဲပစ်သွင်းလိုက်တယ်။

"ရှင်ဘယ်လိုလုပ်သိတာလဲ? ရှင်ပြော ရှင်ညက ကျွန်မကိုဘယ်နှကြိမ်လောက် ခိုးခိုးကြည့်လိုက်သေးလဲ?"

ကျန်းမူဟန် သူမမျက်လုံးတွေ မျှော်လင့်ချက်တွေနဲ့ တောက်ပနေတာကိုကြည့်နေလိုက်တယ်။ သူ့နှုတ်ခမ်းထောင့်တွေကွေးသွားကာ သူ့မျက်လုံးတွေကတော့အပြုံးတွေဖြစ်လာတော့တယ်။သူ သူမကြားချင်တဲ့အဖြေကိုသိနေပေမယ့် သူထိုအတိုင်းမဖြေလိုက်ပဲ

"အဲ့လိုမဟုတ်ဘူး။ကိုယ်ကမှတ်ဉာဏ်ကောင်းတော့ တစ်ချက်ကြည့်တာနဲ့တင်မှတ်မိသွားတာလေ။"

ရှန်းဝေ".....''

ငါကဘာမှမဟုတ်ပဲမျှော်လင့်မိသွားတာပဲ။

ဘာမှမဟုတ်ပဲ သွားဖက်ပေးမိတာပဲ။

ရှန်းဝေသူ့ကိုမနှစ်မြို့စွာကြည့်လိုက်ကာ သိနဲ့ပိုက်ဆံအကြောင်းပဲပြောဖို့တွေးလိုက်တယ်။

သူမရဲ့ လက်သေးသေးလေးနှစ်ဖက်ကိုဖြန့်ကာ

"ကျွန်မမနေ့ကဆုရတယ်။ အဲ့တော့ရှင်ဒီနေ့ကျွန်မကို လက်ဆောင်ပေးမ

လား?"

"ကိုယ်မင်းအတွက် ကိတ်မဝယ်ပေးဘူးလား?"

သူမရဲ့ကိုယ်အိအိလေးသူ့ရင်ခွင်ထဲမရှိတော့တဲ့အခါ သူ့ရဲ့လက်တွေကို ဘောင်းဘီအိတ်ကပ်ထဲထည့်ကာ ဖြေလိုက်တယ်။

ရှန်းဝေ သူမနှုတ်ခမ်းတွေကွေးကာဖြေလိုက်တယ်။

"ကိတ်တစ်ခုနဲ့ လက်ဆောင်ပြီးရောလို့ပြောလို့ရမလား?မရဘူး။ အနည်းဆုံးတော့ ဂဏန်းဖြလုံးထက်မနည်းသင့်ဘူး"

ကျန်းမူဟန်"မစ္စကျန်း မင်းအပေါ်ယံတွေ

အရမ်းများနေတယ်"

ရှန်းဝေ"မစ္စတာကျန်း ကပ်စေးမထွက်သင့်ဘူးနော်"

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နှစ်ဦးလုံးအလျှော့မပေးပဲကြည့် နေကြတယ်။နောက်ဆုံးတော့ ကျန်းမူဟန်ကပဲ အလျှော့ပေးလိုက်ကာ သူမ နှဖူးအား ဖွဖွတောက်ရင်း

"ဘာလိုချင်တာလဲ?"

"ရှင်ဘာသာရှင်စဉ်းစားလေ"သူမဒီတစ်ခါနိုင်တာမြင်တာနဲ့ ရှန်းဝေ ချို ချိုသာသာနဲ့နူးနူးညံ့ညံ့ပြုံးလိုက်မိတယ်။သူမ ဇနီးကောင်းနဲ့အမျိုးသမီး ကောင်းတစ်ယောက်လိုပုံစံဖမ်းမနေပဲ ကျန်းမူဟန် ဝတ်စုံကော်လံကိုဆွဲကာ

"ရီးသားနော်"

သူမရဲ့ ကိုယ်သင်းနံ့က သူ့ရဲ့နှာခေါင်းထိပ်ကိုလာရောက်ကျီစယ်နေကာ သူမခန္ဓာကိုယ်က သူ့ရင်ဘတ်နဲ့ကပ်နေတယ်။ကျန်းမူဟန် လည်စေ့လှုပ်ရှား သွားတယ်။သူ သူမရဲ့ခါးကိုဖက်ကာ ခေါင်းကိုနှိမ့်ရင်း သူမလည်ပင်းကိုနမ်း လိုက်တယ်။

သူမကိုမလွှတ်ပေးခင် သူမပျော့ခွေသွားတဲ့အထိ နမ်းလိုက်တယ်။သူမကို ဆိုဖာပေါ် နားဖို့ခေါ်သွားလိုက်တယ်။ညကတိုက်ပွဲအပြီး အိပ်ခန်းရှင်းဖို့သူ အပေါ်ထပ်တက်လာလိုက်တယ်။ ထို့နောက် လေကာအနွေးထည်ဝတ်ကာ အပြင်ထွက်လာလိုက်တယ်။

သူ ရင်းနှီးမြှပ်နှံတဲ့ကုမ္ပဏီထောင်ထားတယ်။

များသောအားဖြင့် သူရုပ်ရှင်ရိုက်စရာမလိုတဲ့အချိန် ကုမ္ပဏီကိုသွားတယ်။

ကျန်းမိသားစုမှာ သား၂ယောက်ရှိတယ်။ ကျန်းမူဟန် အစ်ကိုက မိသားစု ကုမ္ပဏီကိုစီမံခန့်ခွဲတယ်။ကျန်မူဟန်လည်းဝင်လုပ်လို့ရပေမယ့် သူက စိတ်မဝင်စားဘူး။ သူကတစ်ဦးထဲသူ့ဘာသာ ရင်းနှီးမြှပ်နှံရတာကို သဘောကျတယ်။နှစ်တွေကြာသွားတာတောင် ကျန်းမိသားစုက ကျန်းမူ ဟန်ငွေဘယ်လောက်ပိုင်ဆိုင်ထားလဲမသိကြဘူး။သူတို့သိတာဆိုလို့ ကျန်းမူ ဟန် ရင်းနှီးမြှုပ်နှံရေးလုပ်တယ်ဆိုတာပဲ။အထူးသဖြင့် အခုနှစ်တွေမှာ နာမည်ရနေတဲ့ အွန်လိုင်းဂိမ်းတွေမှာဆိုတာပေါ့။ ဒါပေါ့၊ရုပ်ရှင် အသိုင်းအဝိုင်းမှာလည်းသူကရုပ်ရှင်တွေရယ် တီဗီစီးတီးတွေရယ်မှာ ပါဝင် ရင်းနှီးမြှပ်နှံထားသေးတယ်။ သူက ပုံးကွယ်နေတဲ့သူဌေးတစ်ဦးပဲ။

ဒါကြောင့်လည်း ကျန်းမူဟန်က ရုပ်ရှင်အသိုင်းအဝိုင်းရဲ့ ထူးဆန်းတဲ့ပန်း တစ်ပွင့်ဖြစ်နေတာလေ။သူကသူသဘောကျတဲ့ ရုပ်ရှင်ဇာတ်ကားပဲရိုက်ပြီး ဘယ်တော့မှရုပ်ရှင်လောကရဲ့မပြောရတဲ့စည်းမျဉ်းကိုမလုပ်ဖူးဘူး။variety showမှာလည်းမပါဝင်သလို၊

ကြော်ငြာတောင်မရိုက်ဘူး။ သူကဒီလိုသူဌေးဖြစ်နေပေမယ့် သူ့ရဲ့ သရုပ်ဆောင်အရည်အချင်းကလည်းတကယ်ကောင်းတယ်။

သူ့ရဲ့ အရည်အသွေးမြင့်တဲ့မျက်နှာပါပေါင်းစပ်လိုက်တဲ့အခါမှာ အံ့ဩစရာ မရှိတော့ပါဘူး၊ဒီနှစ်တွေအတွင်းသူ့ပရိတ်သတ်အင်အားတိုးတိုးလာတာကို။

ပရိတ်သတ်အများဆုံးရှိတဲ့ နံပါတ်၁နေရာရထားတာကိုရောပေါ့။ လက်ထပ်ထားတယ်သိကြတာတောင် သူ့နာမည်ကျသွားဖို့မဖြစ်နိုင်ဘူး။

ရှန်းဝေ ကျန်းမူဟန်ကားမောင်းထွက်သွားတာကိုမြင်လိုက်တယ်။သူမဆင်ဝင်အောက်ရပ်ကာ လှမ်းအော်လိုက်တယ်။

"ယောက်ျား ပိုက်ဆံများများရှာပြီး ကျွန်မအတွက်သုံးဖြုန်းပေး"

ကျန်းမူသန် ကားစတီယာတိုင်ကိုဖြည်းဖြည်းဖိလိုက်တယ်။ သူမအော်တာကြားတဲ့အခါ သူ့မျက်နှာမှာအပြုံးတွေနဲ့ပြည့်သွားတယ်။

မိန်းမဆိုးလေး!

ကျန်းမူသန်ထွက်သွားပြီး မကြာခင်မှာပဲ ဆိုဖာပေါ်ဖုန်းကစားနေတဲ့ရှန်းဝေလည်း သတင်းဆိုးလက်ခံရရှိလိုက်တယ်။

ဖုန်းခေါ်လာတဲ့သူကတော့ ကျိုးရှင်းပဲ။သူမလေသံရှန်ကာ

"ဂုဏ်ယူပါတယ်။မင်းရဲ့ မဂ္ဂဇင်းကြော်ငြာနဲ့ မင်းရဲ့စီးတီးတွေ ဆုယင်းဖြတ်လုသွားတာခံလိုက်ရပြန်ပါပြီ။"

***